# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၃၆၀)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့။


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညော့်ခံပွဲ တက်ရောက်ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏(၆၅)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညော့်ခံပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ ညော့်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻




ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရန်ဟို့လန်နှင့်ဇနီးတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကိုလှီးဖြတ်ပေးကြစဉ်။ (သတင်းစဉ်)

# ဇောတိကကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်မှုမှ CNG ကုပေ တစ်နေ့ငါးသန်းခန့် ထပ်မံရရှိနိုင် CNG သုံး မော်တော်ယာဉ်များကို နေ့စဉ်ပိုမိုဖြန့်ဖြူးပေးနိုင်မည်

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



မြန်မာနိုင်ငံ၌ CNG သုံး မော်တော်ယာဉ် ၂၇၀၀၀ ကျော်ရှိနေသည်။

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ပေါင်း ၂၇၀၀၀ ကျော် ရှိနေကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လောလောဆယ်တွင် ယင်းမော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့များကို နေ့စဉ် ဖြန့်ဖြူးပေးလျက်ရှိနေသည်။

မြန်မာနိုင်ငံတွင် CNG ကို မော်တော်ယာဉ်များ၌ စတင်အသုံးပြုရန် ၁၉၈၆ ခုနှစ်မှ စတင်စီစဉ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်အထိ CNG သုံး

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## ယနေ့ မာတိကာ


ရန်ကုန်၊ မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ စာမေးပွဲရက်ပြင်ဆင် — စာမျက်နှာ » ၃

အွန်တာကေမီးတောင်၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း တနင်္လာနေ့တွင် ပြန်လည်ပြုလုပ် — စာမျက်နှာ » ၄

ဒီမိုကရက်တစ် ရဲလုပ်ငန်းနှင့် မြန်မာ့ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှု (၁) ဆောင်းပါး — စာမျက်နှာ » ၆


ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သက်ကြီးရွယ်အိုများနေ့

လူတိုင်းလူတိုင်း သက်တမ်းစေ့သာ နေထိုင်သွားနိုင်ကြမည်ဆိုလျှင် တစ်နေ့အိုမင်းမစွမ်း ဖြစ်ကြရပေဦးမည်။ အချို့အိုသော်လည်း စွမ်းကြသည်။ အချို့ကား မစွမ်းနိုင်ကြတော့ပေ။ ကျန်းမာရေးအရ သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း စွမ်းဆောင်နိုင်မှုအားသည် တဖြည်းဖြည်းလျော့ကျလာသည်။ ထိုသို့ မစွမ်းနိုင်ကြသော အဘိုးအဘွားသက်ကြီးရွယ်အိုများအား ဖေးမကူညီရန်မှာ ကျွန်ုပ်တို့ လူသားအားလုံး၏တာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ယခုနှစ်အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် "သက်ကြီးရွယ်စုံ မြှင့်တင်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်ကြပါစို့" (Leaving No One Behind: Promoting a Society for All) ဟူ၍ ဆောင်ပုဒ်ထုတ်ပြန်လျက် တိုက်တွန်းနှိုးဆော်ထားပါသည်။ ကျွန်ုပ်တို့ မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် အသက် ၆၀ ကျော်သူများကို သက်ကြီးပိုင်းဟူ၍ ဆိုကြပါသည်။ အသက် ၆၀ ကျော်၊ အသက် ၇၀ ကျော်၊ အသက် ၈၀ ကျော်စသည်ဖြင့် အသက်အရွယ်အပိုင်းအခြားသည် အမျိုးမျိုးရှိကြပါမည်။ ထို့အတူ သက်ကြီးပိုင်းများတွင် သားထောက်သမီးခံရှိသူ၊ သားထောက်သမီးခံမရှိသူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ ကျန်းမာသူ၊ မကျန်းမာသူ အစရှိသဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ကွဲပြားခြားနားစွာရှိနေကြပါသည်။ မည်သို့ပင် ကွဲပြားခြားနားမှုများရှိစေကာမူ သက်ကြီးရွယ်အိုများ လူမှုဘဝသာယာရေး၊ ကျန်းမာစွာအသက်ရှင်နေထိုင်ရေးတို့အတွက် လိုအပ်သည်များ ဖြည့်ဆည်းကူညီပေးကြရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံ၌ လူဦးရေ၏ ၉ ဒသမ ၁ ရာခိုင်နှုန်းသည် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ ယင်းတို့အနက် သားထောက်သမီးခံမရှိသော ဘိုးဘွားများသည် ဘိုးဘွားရိပ်သာများ၌ ရှိနေကြပါသည်။ မြန်မာနိုင်ငံ၌ အစောဆုံးဘိုးဘွားရိပ်သာ တည်ထောင်ဖွင့်လှစ်ခဲ့သူကား ရတနာပုံနေပြည်တော်ခေတ် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက်က အဘွားဒေါ်ဦးဗွန်း(မြန်မာသက္ကရာဇ် ၁၂၃၀-၁၃၀၆)ပင်ဖြစ်ပါသည်။ ဒေါ်ဦးဗွန်းသည် မင်းကွန်းလူအိုရုံ၊ ပေါင်းတည်လူအိုရုံ၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာများကို တည်ထောင်ဖွင့်လှစ်ခဲ့သူဖြစ်ပါသည်။ ထို့အပြင် သထုံမြို့ မြသပိတ်တောင်ခြေရင်း၌ လည်းကောင်း၊ ပခုက္ကူမြို့၌ လည်းကောင်း လူအိုရုံများ တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း သိရပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံအတွင်း ဘိုးဘွားရိပ်သာများ တဖြည်းဖြည်းတိုးပွားခဲ့ရာ ယခုအခါ ဘိုးဘွားရိပ်သာပေါင်း ၇၁ ခုတည်ရှိနေပြီဖြစ်ပါသည်။

ဘိုးဘွားရိပ်သာများရှိ သက်ကြီးရွယ်အိုများအား စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်၍ စောင့်ရှောက်မှုပေးနေသကဲ့သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဘိုးဘွားများအား စားစရိတ်၊ ဝတ်စရိတ်၊ ဂေဟာမှုုးစရိတ် အစရှိသဖြင့် ထောက်ပံ့ပေးလျက်ရှိပါသည်။ ယမန်နှစ်ကိန်းဂဏန်းများအရ ဘိုးဘွားရိပ်သာများရှိ ဘိုးဘွားအရေအတွက်မှာ ခြောက်သန်းနီးပါးရှိကြောင်း သိရပါသည်။ ထိုဘိုးဘွားတို့သည် သက်ဆိုင်ရာက စောင့်ရှောက်မှုများပေးနေသော်လည်း လိုအပ်ချက်များ ရှိနေကြဆဲဖြစ်ပါသည်။ သို့ပါ၍ မိမိတို့ပတ်ဝန်းကျင်ရှိ ဘိုးဘွားများအား ငွေအား၊ လူအား၊ စေတနာအားတို့ဖြင့် ကူညီ စောင့်ရှောက်ပေးခြင်း၊ ဘိုးဘွားရိပ်သာများသို့သွားရောက် လှူဒါန်းမှုများပြုလုပ်ခြင်းတို့ဖြင့် ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "သက်ကြီးရွယ်စုံမြှင့်တင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့" ဟူ၍ တိုက်တွန်းအပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း



# မြန်မာ့ခရီးသွားလုပ်ငန်းများ ကမ္ဘာကသိစေရန် လုပ်ဆောင်မည်

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော် မြန်မာအင်တာနေရှင်နယ် ကွန်ဗင်းရှင်းစင်တာ၌ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားရန် ပြင်ဆင်လျက်ရှိပြီး နိုင်ငံပေါင်း ၅၉နိုင်ငံမှ နိုင်ငံအကြီးအကဲများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများမှ လူဦးရေ ၁၅၀၀ကျော်ခန့်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝသယံဇာတများ မပျက်စီးဘဲ တည်ရှိနေမှုတို့ကြောင့် အရှေ့တောင်အာရှနှင့် ဒေသတွင်း အာရှနိုင်ငံများ၊ အီးယူနိုင်ငံများအပါအဝင် အနောက်နိုင်ငံအများစုမှ လာရောက်မှု တိုးတက်မြင့်မားလျက်ရှိနေပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အဆိုပါ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်ရန်အတွက် စိတ်ပါဝင်စားသည့် နိုင်ငံများနှင့် ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ များပြားရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ သိရှိရသည်။

အဆိုပါဖိုရမ်ကို ဒေသတွင်းနိုင်ငံများအပြင် အီးယူနိုင်ငံများမှ ခရီးသွားလုပ်ငန်းရှင်များလည်း လာရောက်ရန်ရှိနေပြီး အဆိုပါဖိုရမ်သည် နိုင်ငံပေါင်း ၅၉နိုင်ငံအထိ ပါဝင်သည့် ဖိုရမ်ဖြစ်ခြင်းကြောင့် အကြီးမားဆုံး ဖိုရမ်တစ်ခုဖြစ်သည့်အပြင် နိုင်ငံတကာမှ ထင်ရှားသည့် ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များလည်း ပါဝင်မည်ဖြစ်သဖြင့် အဓိကကျသည့် ဖိုရမ်ဖြစ်ခြင်းကြောင့် ပြည်တွင်းမှလုပ်ငန်းရှင်အများစုလည်း စိတ်ပါဝင်စားလျက်ရှိကြောင်း သိရသည်။

ဖိုရမ်အတွင်း ခရီးသွားပြပွဲများပြသရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ စီစဉ်လျက်ရှိပြီး လာရောက်သူများအတွက် အပန်းဖြေအပျော်တမ်း ဂေါက်ရိုက်ပြိုင်ပွဲများကိုလည်း ထည့်သွင်းထားသည်။

အခမ်းအနား၏ ဆောင်ပုဒ်မှာ "ငြိမ်းချမ်းဝေစည် တွဲလက်ညီ အာဆီယံအသိုက်အဝန်းဆီ ခရီးသွားလုပ်ငန်းဖြင့် အရောက်ချီ" ဟု သတ်မှတ်ထားပြီး ပြည်တွင်းခရီးသွားလုပ်ငန်းများ အရှိန်မြှင့်တင်ရေးအတွက် အလွန်အရေးပါသည့် ဖိုရမ်တစ်ခုအဖြစ် ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖိုရမ် ကျင်းပနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် စင်ကာပူနိုင်ငံအခြေစိုက် Mp Singapore နှင့် Myanmar Venture Group တို့ကအဓိက ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သတင်း- ခင်ရတနာ**

## ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ ဗဟန်း ဘာသာပေါင်းစုံ ချစ်ကြည်ရေး ဟောပြော


**ကြည့်မြင်တိုင် စက်တင်ဘာ ၂၉**

ရန်ကုန် အနောက်ပိုင်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကကြီးမှုး၍ ခရိုင်အတွင်းရှိ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ ဗဟန်းမြို့နယ်တို့မှ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ တွေ့ဆုံပွဲကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရမဝ္ဂာရုံ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဘာသာအလိုက် ဟောပြောကြရာ အနောက်ပိုင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အတွင်းရေးမှုး ဦးခင်မောင်ဇော်က ဗုဒ္ဓဘာသာအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ဒုတိယဥက္ကဋ္ဌ ဦးထွန်းသန်းက ခရစ်ယာန်ဘာသာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်စာရင်းစစ် ဦးခင်မောင်လှက ဟိန္ဒူဘာသာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဆရာ ဦးအောင်ဆွေထွန်းက အစ္စလာမ်ဘာသာအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် အနောက်ပိုင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဇော်က ကျေးဇူးတင်စကား ပြောကြားပြီး အဖွဲ့(ဗဟို) အထွေထွေအတွင်းရေးမှုး ဒေါက်တာသာညဏ်က နိဂုံးချုပ်စကားပြောကြားခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



✻ ရှေ့ဖုံးမှ

ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညှိ့ခံပွဲ၌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရန်ဟို့လန်က အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရန်ဟို့လန်နှင့် ဇနီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅) နှစ်မြောက် အမျိုးသားနေ့အထိမ်း အမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့်တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှိ့ခံသည်။ **(သတင်းစဉ်)**

# မြန်မာနှင့်ကနေဒါ လွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ကနေဒါနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ် H. E. Mr. Kirsty Duncan ဦးဆောင်သည့် ကနေဒါလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးစိုးဝင်း၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်ခင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံ လွှတ်တော်တို့အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

# သံအမတ်ကြီး ဦးသစ်လင်းအုန်းအား ကိုရီးယားဒီမိုကရက်တစ်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ရန်ကုန်၊ မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ စာမေးပွဲရက်ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၄ ပညာသင်နှစ် ပထမအသုတ်(သိပ္ပံဘာသာရပ်များ)၊ သင်တန်းနှစ်အားလုံး၏ စာမေးပွဲဖြေဆိုရမည့် အောက်တိုဘာ ၆ ရက် (တနင်္လာနေ့)သည် အများပြည်သူတို့၏ အလုပ်ပိတ်ရက် (ဘက္ကရီအီးဒ်နေ့) ဖြစ်ပါသဖြင့် သင်တန်းနှစ်အားလုံး၏ အဆိုပါနေ့ရက်တွင် ဖြေဆိုရမည့်ဘာသာရပ်ကို အောက်တိုဘာ ၁၄ ရက်(အင်္ဂါနေ့)သို့ ပြောင်းရွှေ့ဖြေဆိုကြရမည်ဖြစ်ကြောင်းနှင့် စာမေးပွဲပြောင်းရွှေ့ဖြေဆိုရမည့် ရက်မှာ အောက်တိုဘာ ၆ ရက်(တနင်္လာနေ့)တစ်ရက်တည်းသာဖြစ်ပြီး ကျန်ရက်များတွင် ဖြေဆိုရမည့်ဘာသာရပ်များကို မူလကြေညာထားသည့် အစီအစဉ်ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်ကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့က အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

# အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကျင်းပ

**ပုဂံ စက်တင်ဘာ ၂၉**

(၁၇)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပုဂံမြို့ရှိ The Aureum Palace Hotel Bayintnaung Room ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အတွင်းရေးမှူး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးကဏ္ဍများဖြစ်ကြသည့် သဘာဝဘေးအန္တရာယ် ဆိုးကျိုးများ လျှော့ချရေး၊ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ကဏ္ဍစုံပါဝင်ရေး၊ ရာသီဥတုနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်များ၊ ပိုမိုရရှိရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် အာဆီယံလမ်းညွှန်ချက်နှင့် လူမှုရေးကာကွယ်မှုနှင့် ပတ်သက်သည့် အာဆီယံမူဘောင်၊ အာဆီယံလေ့လာရေးစင်တာဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအခြေပြမြေပုံ ၂၀၀၉-၂၀၁၅ ဆောင်ရွက်မှု ဖြစ်စဉ်နှင့် ၂၀၁၅ အလွန်ကာလအတွက် အဓိကထား ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တီမောလက်စ်တေနိုင်ငံကို အာဆီယံအဖွဲ့ဝင်သစ်အဖြစ် လက်ခံရေး၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအပေါ် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ လေ့လာဆောင်ရွက်ရန်ဖိတ်ကြားမည့် အကြံပေးပုဂ္ဂိုလ်များစာရင်း ပြန်လည်စိစစ်ခြင်း၊ ၂၀၁၄ ခုနှစ် ရာသီဥတုပြောင်းလဲမှုပေါ်တွင် အာဆီယံပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်၊ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ASEAN Awareness မြှင့်တင်ရေး၊ အာဆီယံနိုင်ငံများနှင့် ယဉ်ကျေးမှုအနုပညာရပ်ဆိုင်ရာများ၌ အပြန်အလှန်နားလည်ရေးနှင့် မြှင့်တင်ရေးတို့အတွက် ASEAN Cultural Fair-2014 ကို အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းကလည်း ASCC Blueprint MTR 2015 Vision အတွက် ပူးပေါင်းဆောင်ရွက်ရန် Action Plan, Work Plan များ ချမှတ်ပြီး Work Schedule အတိုင်း ဆောင်ရွက်နိုင်ရေးအတွက် 3rd Working Group Meeting အစည်းအဝေးကို ကျင်းပခဲ့ရာ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ နှစ်ဝက်သုံးသပ်ချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Resource Mobilization နှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း၏ ၂၀၁၅ အလွန် ဦးတည်ချက်များတွင် အဓိကပါဝင်ရမည့်အချက်များကိုတင်ပြခြင်း၊ ၂၀၁၅ အလွန် ဦးတည်ချက်များအတွက် SOCA, ASCC Vision Statement နှင့် Central Elements ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

❀ ရှေ့ဖုံးမှ

မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်ပေါင်း ၂၆၈၄၈ စီးရှိခဲ့ပြီး ၂၀၁၃ ခုနှစ်၌ ဘတ်စ်ကားအစီးရေ ၂၈၉ စီးကို CNG အသုံးပြုခွင့်ပေးခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ၌ CNG သုံးစွဲသည့် မော်တော်ယာဉ်ပေါင်း ၂၇၀၀၀ ကျော် ရှိလာခဲ့ပြီဖြစ်သည်။

ဓာတ်ဆီ၊ ဒီဇယ်ဆီအသုံးပြု မောင်းနှင်ရသော မော်တော်ယာဉ်များထက် CNG အသုံးပြု မောင်းနှင်သော မော်တော်ယာဉ်များက လောင်စာအတွက် ငွေကြေးကုန်ကျမှု သက်သာလျက်ရှိရာ CNG အသုံးပြု မော်တော်ယာဉ်များအဖြစ် ပြောင်းလဲလိုသော ယာဉ်ပိုင်ရှင်များစွာရှိနေသည်။

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် တစ်နေ့လျှင် CNG ကုဗပေ ၂၀ သန်းခန့် နေ့စဉ် ဖြန့်ဖြူးပေးရလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလက်ရှိ အချိန်၌ CNG ရောင်းချသည့် ဆိုင်ပေါင်း ၄၅ ဆိုင်ရှိသည်။ ယင်း CNG ဆိုင်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ဆိုင်ပေါင်း ၄၀ ရှိပြီး မန္တလေးမြို့နှင့် ဝန်းကျင်ဒေသ၌ CNG ဆိုင်ပေါင်း ငါးဆိုင်ခန့် ရှိနေသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးရှိ ဇောတိကကမ်းလွန် သဘာဝဓာတ်ငွေ့တူးဖော်မှုမှ CNG ကုဗပေ တစ်နေ့ ငါးသန်းခန့်အထိ ထပ်မံရရှိနိုင်မည်ဖြစ်ရာ CNG သုံးစွဲသော မော်တော်ယာဉ်များကို နေ့စဉ် ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ထိုသို့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရန်ကုန်မြို့ ထောက်ကြန့်တွင် CNG ဆိုင်သစ်တစ်ဆိုင်ဖွင့်လှစ်ရန်လည်း စီစဉ်လျက်ရှိသည်။

သို့ရာတွင် ဇောတိကကမ်းလွန် သဘာဝဓာတ်ငွေ့တွင်းမှ ရရှိသော CNG များကို မော်တော်ယာဉ်များတွင် တိုက်ရိုက်အသုံးပြုရာ၌ အခက်အခဲတစ်စုံတစ်ရာ ရှိ၊ မရှိ စမ်းသပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ CNG တစ်ကီလိုဂရမ်လျှင် ၂၇၃ ကျပ်ခန့်ဖြင့် မော်တော်ယာဉ်များအတွက် ရောင်းချလျက်ရှိရာ အခြားနိုင်ငံများထက် ဈေးနှုန်းသက်သာသည့်အနေအထား ရှိနေသည်။ **(မြန်မာ့အလင်း)**

# ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော် ငါးရက်တိုင်တိုင်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို လွန်ခဲ့သော ၁၉၆၂ ခုနှစ်မှစ၍ ရန်ကုန်မြို့၌ အထင်ကရပွဲအဖြစ် ကျင်းပခဲ့သည်။ ထိုစဉ်က ကျင်းပခဲ့သော ရေကျော်ပွဲတော်ကို ယခင်ခရစ်လမ်း ယခု ဗိုလ်မြတ်ထွန်းလမ်း၌ ရာမဇာတ်ပွဲဖြင့် ခုနစ်ရက် ခုနစ်ညတိုင်တိုင်ကပြ၍ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ယခုနှစ် ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်ကို အောက်တိုဘာ ၅ရက်မှ ၉ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သီချင်းဆိုပြိုင်ပွဲ၊ မာယာရှင်ကလေးများ၏ အက၊ အလှ၊ တေးသရုပ်ဖော်နှင့် Dancer အစီအစဉ်၊ Starlet & Sky ကလေးတေးသံရှင်များနှင့် ME & MA Girls Band နှင့် တေးသံရှင်များ၏ ဖျော်ဖြေမှု၊ ဖိုက်စတားအငြိမ့်၊ Hird Bird နှင့်အတူ ရုပ်ရှင်သရုပ်ဆောင်များနှင့်တေးသံရှင်များက တွဲဖက်သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။ **ရီရီသန့်**




**မိုးလေဝသ အခြေအနေ**

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်ပါသည်။

နိုင်ငံတကာသတင်း

## ၂၀၁၄ ခုနှစ်တွင် အီရတ်ပြည်သူများ သေဆုံးမှု ၈၅၀၀နီးပါးရှိ

**အီရတ် စက်တင်ဘာ ၂၉**

အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယခုအချိန်ထိ အနည်းဆုံး လူပေါင်း ၈၄၉၃ဦး သေဆုံးခဲ့ကြောင်း ပရက်စ်တီဗွီ၏ အစီရင်ခံစာက ဖော်ပြထားသည်။

သေဆုံးသူ ထက်ဝက်ခန့်သည် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် သေဆုံးခဲ့ရခြင်းဖြစ်ပြီး သေဆုံးသူဦးရေအတိအကျမှာ ထို့ထက်ပင်ပိုနိုင်ကြောင်း ကုလသမဂ္ဂမှ အကြီးတန်း အရာရှိတစ်ဦးက ပြောခဲ့သည်။

အိုင်အက်စ်တက်ဖရီ အုပ်စုများသည် ၎င်းတို့စိုးမိုးရာဒေသများတွင် အကြမ်းဖက်လုပ်ရပ်များကို ဆက်လက်ပြုလုပ်နေသောကြောင့် ထိုဒေသများရှိအခြေအနေမှာ ပို၍ဆိုးရွားလာခဲ့သည်။

အိုင်အက်စ်သည် အဖွဲ့အစည်းတစ်ခုမဟုတ်သလို နိုင်ငံရေးပါတီလည်း မဟုတ်သည့်အတွက် ၎င်းတို့လုပ်ရပ်များအတွက် တာဝန်ယူမှုလည်း ရှိမည်မဟုတ်ကြောင်း၊ ၎င်းတို့သည် အကြမ်းဖက် အုပ်စုတစ်ခုသာဖြစ်ပြီး လူ့အခွင့်အရေးနှင့် နိုင်ငံတကာစည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြုမည့် အုပ်စုတစ်စုမဟုတ်ကြောင်း အီရတ်ကာ့ဒ် လူ့အခွင့်အရေးကော်မရှင်မှ မိုဟာမက်ရိုမရှီနီက ပြောသည်။

အကြမ်းဖက် အုပ်စုများသည် အီရတ်လူမျိုးများကို သတ်ဖြတ်ခဲ့သည့်အပြင် အီရတ်ရှိ အခြေခံအဆောက်အအုံများနှင့် သမိုင်းဝင်နေရာများကိုပါ အများအပြားဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

လွန်ခဲ့သည့်နှစ်က အီရတ်ကို သွေးချောင်းစီးသည့် နှစ်တစ်နှစ်အဖြစ် ကြေညာခဲ့ပြီး နှစ်ကုန်ပိုင်းတွင် လူ ၈၀၀၀ထက်မနည်း အသတ်ခံခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

## အမေရိကန်မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်နေမှုအပေါ် ပါကစ္စတန်အစိုးရ စိုးရိမ်ပူပန်မိကြောင်းပြောကြား



**ဝါရှင်တန် စက်တင်ဘာ ၂၉**

အာဖဂန်နယ်စပ်အနီး ပါကစ္စတန် အနောက်မြောက်ပိုင်း တောင်တန်းထူထပ်ရာ လူမျိုးစုဒေသ၌ အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူလေးဦးသေဆုံးသွားရာ ပါကစ္စတန်နိုင်ငံက စိုးရိမ်မိကြောင်း ပြောကြားလိုက်သည်။

အဆိုပါ တိုက်ခိုက်မှုသည် တောင်ဝါဇီရစ္စတန် ဝါနာဒေသအနီး၌ ဖြစ်ပွားခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်က ဆိုသည်။ အမေရိကန်၏ တိုက်ခိုက်မှုကို လွန်စွာစိုးရိမ်မိကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ယခုကဲ့သို့ တိုက်ခိုက်နေခြင်းသည် မိမိတို့နိုင်ငံ၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ချိုးဖောက်နေခြင်းဖြစ်သည်ဟု ယူဆကြောင်း၊ ချက်ချင်းအပစ်အခတ်ရပ်စဲရန် တောင်းဆိုကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စလာမ္မာဘတ် အနေဖြင့် နိုင်ငံအတွင်းရှိ အကြမ်းဖက်အဖွဲ့အစည်းများအား ကိုင်တွယ်နိုင်မည့် အစီအမံများကို ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနကြေညာချက်၌ ထပ်လောင်းဖော်ပြထားသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်များသည် ယင်းဒေသရှိစစ်သွေးကြွများ ခိုအောင်းနေနိုင်သည့် နေရာငါးနေရာ၌တိုက်ခိုက်ခဲ့ရာ အာရပ်တစ်ဦးအပါအဝင် လေးဦးသေဆုံးခဲ့သည်။

ပါကစ္စတန် အစိုးရအဖွဲ့က ဝေဖန်ပြောကြား နေသော်လည်း အမေရိကန်တို့က လူမျိုးစုဒေသများ၌ မောင်းသူမဲ့လေယာဉ်များ အသုံးပြုကာ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

**(ပရက်စ်တီဗွီ)**

## အာဆီယံစီးပွားရေးအသိုက်အဝန်း မဝင်ရောက်မီ ထိုင်းတောင်ပိုင်း အကြမ်းဖက်မှုအဆုံးသတ်မည်

**ဗန်ကောက် စက်တင်ဘာ ၂၉**

ထိုင်းနိုင်ငံက ၂၀၁၅ ခုနှစ်အကုန် အာဆီယံစီးပွားရေး အသိုက်အဝန်း မထူထောင်မီ တစ်နှစ်အတွင်း နိုင်ငံတောင်ပိုင်းပြည်နယ်များ၌ အကြမ်းဖက်မှုများ အဆုံးသတ်ရန် သန္နိဋ္ဌာန်ချထားကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုသ်ချန်အိုချာက ပြောလိုက်သည်။

နာကွန်းစီတာမရတ်ပြည်နယ်ရှိ စစ်အခြေစိုက်စခန်း၌ တနင်္ဂနွေနေ့က မိန့်ခွန်းပြောကြားစဉ် ဝန်ကြီးချုပ် ပရာယုသ်က အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုင်းအစိုးရအနေဖြင့် ဒေသဆိုင်ရာ အာဆီယံစီးပွားရေးအသိုက်အဝန်းမရောက်မီ အဆိုပါဒေသသို့ အခြားသောအာဆီယံနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ရန် တောင်ပိုင်းပြည်နယ် အကြမ်းဖက်မှုကို အဆုံးသတ်သွားစေမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါဒေသ ပဋိပက္ခအဆုံးသတ်ရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် Stakeholder များ အများအပြားပါဝင်ရမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ထိုင်းတောင်ပိုင်း၌ လွန်ခဲ့သောဆယ်စုနှစ်အတွင်း အကြမ်းဖက်မှုများကြောင့် လူပေါင်း ၅၉၀၀ကျော် သေဆုံးပြီး ၁၀၆၀၀ ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ စာရင်းဇယားများ၌ ဖော်ပြသည်။ **(ဆင်ဟွာ)**

## ပီရူးငလျင် ရှစ်ဦးသေဆုံး၊ လေးဦးပျောက်ဆုံးနေ

**လီမာ စက်တင်ဘာ ၂၉**

ပီရူးနိုင်ငံတောင်ပိုင်း၌ အင်အားအသင့်အတင့် ငလျင်တစ်ကြိမ်လှုပ်ခဲ့ရာ ရှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။ ရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိ ငလျင်တစ်ခု ပီရူးနိုင်ငံတောင်ပိုင်း ပါဂူရီပြည်နယ် အင်ဒရီးယန်ဒေသ၌ စနေနေ့ညပိုင်းက လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။



သေဆုံးသူများ အားလုံးသည် အဆိုပါဒေသ မစ္စကာရပ်ကွက်မှဖြစ်ပြီး နေအိမ်အလုံး ၃၀ ပြိုကျသွားခဲ့ကြောင်း၊ လူပေါင်း ၃၀၀ ငလျင်ဘေးဒဏ် ကြုံတွေ့ခံစားခဲ့ရကြောင်း ဒေသတာဝန်ရှိသူများက ပြောသည်။

အဆိုပါငလျင်ကြောင့် မစ္စကာရပ်ကွက်မှ လူလေးဦးပျောက်ဆုံးနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့က ၎င်းတို့အားလိုက်လံရှာဖွေနေကြောင်း ပီရူးပြည်သူ့ရေးရာဌာနက ပြောသည်။

**(ဆင်ဟွာ)**

## အာဖဂန်သမ္မတသစ် ကျမ်းသစ္စာ ကျိန်ဆိုတော့မည်

**ကဘူးလ် စက်တင်ဘာ ၂၉**

အာဖဂန် ရွေးချယ်ခံသမ္မတ အာရှရက်ဖ်ဂနီသည် ကဘူးလ်ရှိ သမ္မတအိမ်တော်တွင် သမ္မတအဖြစ် ဘိသိက်ခံကျမ်းသစ္စာကျိန်ဆိုတော့မည်ဖြစ်သည်။ မဲမမှန်မကန်လုပ်ခြင်းနှင့် ထောက်ခံမဲများကို ပြန်လည်ရေတွက်ခြင်းစသည့် အငြင်းပွားဖွယ် ရွေးကောက်ပွဲရလဒ်ဖြစ်ပြီး ခြောက်လအကြာတွင် ဤကဲ့သို့ ကျမ်းသစ္စာကျိန်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်စေ့စပ်ညှိနှိုင်း ညီညွတ်ရေးသဘောတူညီချက်အရ မစ္စတာဂနီသည် သမ္မတနေရာကို လက်ခံရရှိမည်ဖြစ်ကာ ၎င်း၏ပြိုင်ဘက် အဗ္ဗဒူလာအဗ္ဗဒူလာကနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို လက်ခံရရှိမည်ဖြစ်သည်။

တာလီဘန်တို့က ၎င်းသဘောတူညီချက်ကိုအမေရိကန်နှင့် လက်ဝါးရိုက်ထားသော အယောင်ဆောင်မှုတစ်ခုအဖြစ် ဖော်ပြခဲ့သော်လည်း မစ္စတာဂနီကမူ ကြီးမားသော အောင်မြင်မှုတစ်ခုအဖြစ် သဘောထားခဲ့သည်။မစ္စတာဂနီသည် နိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီအာဏာလွှဲပြောင်းခြင်းကို စတင်အားပေးခဲ့ပြီး ၎င်း၏ပြိုင်ဘက် မစ္စတာအဗ္ဗဒူလာအဗ္ဗဒူလာနှင့် ဆွေးနွေးစွာစကားပြောဆိုခဲ့ကြသည်။ မစ္စတာ အဗ္ဗဒူလာသည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ကတိသစ္စာ ကျိန်ဆိုတော့မည်ဖြစ်သည်။ မစ္စတာဂနီသည် ညီညွတ်ရေးနှင့်ပတ်သက်ပြီး လွန်ခဲ့သောအပတ်က မိန့်ခွန်းပြောကြားခဲ့ကာ အာဖဂန်ပြည်သူများအား ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးများကို တည်ဆောက်ရန်နှင့် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ရာတွင် ကူညီကြရန်တိုက်တွန်းပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# အွန်တာကေမီးတောင်၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း တနင်္လာနေ့တွင် ပြန်လည်ပြုလုပ်



အွန်တာကေမီးတောင်၌ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရှာဖွေရေးပြုလုပ်နေစဉ်။

**တိုကျို စက်တင်ဘာ ၂၉**

ကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၀၀ ကျော်သည် ဂျပန်နိုင်ငံ၌ ပြီးခဲ့သည့် စနေနေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အွန်တာကေမီးတောင်၌ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကို တနင်္လာနေ့က ဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါမီးတောင်သည် ဆောင်းဦးရာသီရှုခင်းအလှကို ကြည့်ရှုရန် အထင်ကရနေရာဖြစ်သဖြင့် ခြေလျင်တောင်တက်သမား ရာပေါင်းများစွာရှိနေချိန်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ကျောက်တုံးကျောက်ခဲများပါဝင်သည့် ချော်ရည်များ လေထဲသို့ပန်းထွက်လာရာ ၃၁ ဦး ထက်မနည်း သေဆုံးခဲ့သည်။ အများစုမှာ ဘေးအန္တရာယ်ကင်းရှင်းခဲ့သော်လည်း လူ ၄၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ တောင်ပေါ်၌ ကျန်ရှိနေသည့် အရေအတွက်ကိုမူ အတိအကျ မသိရသေးပေ။

ယင်းမီးတောင်မှ အဆိပ်ငွေ့များရှူရှိုက်မိသဖြင့် ကယ်ဆယ်ရေး လုပ်ငန်းကို တနင်္ဂနွေနေ့က ရပ်ဆိုင်းခဲ့သော်လည်း တနင်္လာနေ့တွင် ဆက်လက်ပြုလုပ်ခဲ့သည်။

အွန်တာကေသည် တိုကျိုမြို့ အနောက်ဘက် ၁၂၅ မိုင် အကွာ၌ တည်ရှိပြီး ဂျပန်နိုင်ငံ၌ ဒုတိယ အမြင့်ဆုံး မီးတောင်ရှင်ဖြစ်သည်။ ပြီးခဲ့သည့် ခုနစ်နှစ်ကလည်း အသေးစားပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ မှတ်တမ်းများအရ ၁၉၇၉ ခုနှစ်က ပေါက်ကွဲမှုသည် ကြီးကြီးမားမား ဖြစ်ပွားခဲ့သည့် နောက်ဆုံးပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲသည့်ရက်က မွန်းတည့်ချိန် မတိုင်ခင်အထိ အဆိုပါနေရာ၌ ကလေးများအပါအဝင် ခရီးသွားများဖြင့် စည်ကားနေခဲ့ကြောင်း၊ ပေါက်ကွဲမှုအတွက် သတိပေးချက် ထုတ်ပြန်ထားခြင်းလည်း မရှိခဲ့ကြောင်း ခြေလျင်တောင်တက်သမားများက ပြောခဲ့သည်။ ထို့အပြင် တောင်ပေါ်၌ နာရီများစွာပိတ်မိနေခဲ့သည်ဟု ဆိုသည်။

အချို့အလောင်းများကို တောင်ထိပ်အနီး အပန်းဖြေစခန်း၌ တွေ့ရပြီး အချို့ကို ၅၀ စင်တီမီတာအနက်ရှိ ချော်ရည်များဖုံးလွှမ်းနစ်မြုပ်နေသည့်နေရာ၌ တွေ့ခဲ့ရကြောင်း ဂျပန်မီဒီယာတစ်ခုက ဖော်ပြခဲ့သည်။

ကျွမ်းကျင်ပညာရှင်များက ယခုလအတွင်း တုန်ခါမှုရှိခဲ့သော်လည်း ယင်းတောင်ကုန်း၌ အခြားသော ပြောင်းလဲမှုများ မတွေ့ရသည့်အတွက် ပေါက်ကွဲမှုကို မခန့်မှန်းနိုင်ခဲ့ကြောင်း ပြောခဲ့သည်။

**(ဘီဘီစီ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# သမဝါယမလုပ်ငန်းများ အစိုးရများနှင့် ဒေသဝန်ထမ်းများ၊ အဖွဲ့အစည်းများနှင့် ပြည်သူအားလုံး၏အားပေးမှုတို့ကြောင့် အောင်မြင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

ယနေ့ အစည်းအဝေးတွင် **သမဝါယမဝန်ကြီးဌာန၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန် သွင်းကုန်ဘဏ် (Exim Bank of China) မှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ရရှိမှု၊ ထုတ်ချေးမှု၊ ပြန်လည်ပေးဆပ်မှုတို့နှင့် စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍** သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရှင်းလင်းတင်ပြရာတွင် ချေးငွေရယူရေးအတွက် ချေးငွေသဘောတူစာချုပ်ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် China EXIM Bank တို့က (၁၈-၁၀-၂၀၁၃) ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ချေးငွေဆိုင်းငံ့ကာလနှစ်နှစ်၊ ပြန်ဆပ်ကာလ ရှစ်နှစ်၊ ချေးငွေသက်တမ်း စုစုပေါင်း ၁၀ နှစ်ဖြစ်ပါကြောင်း။

မြန်မာ့ စီးပွားရေးဘဏ်မှ (၂-၁-၂၀၁၄)ရက်နေ့တွင် ယူရိုငွေ ၃၆၃၀၂၉၀၄ ဒသမ ၁၃ နှင့် ညီမျှသောမြန်မာငွေကျပ် ၄၉၃၀၆၁၁၀၆၆၉ ဒသမ ၈၇ ကို သမဝါယမဦးစီးဌာန၏ MD Account သို့ လွှဲပြောင်းထုတ်ပေးခဲ့ပါကြောင်း၊ ယင်းငွေများအနက်မှ ကြိုတင်ငွေ ထုတ်ပေးခဲ့ရသည့် Management Fee ၁ ရာခိုင်နှုန်းကို ငွေကျပ် ၉၉၁၁၆၅၂၇၁ ဒသမ ၃၆ ကျပ်ကို ထုတ်နုတ်ပြန်လည်ပေးဆပ်ပြီး ကျန်ငွေကျပ် ၄၈၄၁၄ ဒသမ ၂၇၇ သန်းနှင့် အသင်းသားများ၏ အစု/စုဆောင်းငွေများ အပါအဝင်စုစုပေါင်းငွေကျပ် ၅၁၅၁၆ ဒသမ ၀၂၈ သန်းကို ဗဟိုသမဝါယမအသင်းမှ တစ်ဆင့် အသင်းအဆင့်ဆင့် လမ်းကြောင်း



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အတိုင်း သမဝါယမအသင်းသားပြည်သူများထံ (၂၄-၁-၂၀၁၄)ရက်နေ့အပြီး ထုတ်ချေးပေးခဲ့ပါကြောင်း၊ ပထမအကြိမ် ထုတ်ချေးရာတွင် အသင်းသားများ၏ အစုနှင့်စုဆောင်းငွေမှာ ကျပ် ၃၁၂၂ ဒသမ ၇၅၁ သန်းဖြစ်ပါကြောင်း။

ထိုချေးငွေများမှာ ၂၀၁၄ ခုနှစ် ဇွန်လတွင် သတ်မှတ်ကာလ ခြောက်လပြည့်သည့်အတွက် ပြည်သူများက အရင်းအတိုး အားလုံးကို (၁၀-၇-၂၀၁၄)နေ့အပြီး ပြန်လည်ပေးဆပ်ခဲ့ကြရာ ဆုံးရှုံးမှုမရှိ ၁၀၀ ရာခိုင်နှုန်းပြန်လည်ရရှိခဲ့ပါကြောင်း။

ဒုတိယအကြိမ် ချေးငွေကို သမဝါယမဦးစီးဌာန MD Account သို့ (၁၁-၄-၂၀၁၄) ရက်နေ့တွင် လွှဲပြောင်းထုတ်ပေးခဲ့ပါကြောင်း၊ ထိုချေးငွေများနှင့် အသင်းသားများ၏ အစု/စုဆောင်းငွေများ အပါအဝင် စုစုပေါင်းငွေကျပ် ၅၂၄၂၅ ဒသမ ၀၃၀ သန်းကို သမဝါယမအသင်းသားပြည်သူများထံ ၂၀၁၄ ခုနှစ် မေလမှ ဇူလိုင်လပထမအပတ်အတွင်း ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

စုဆောင်းငွေပမာဏ ငွေကျပ် ၆၁ ဒသမ ၂၅ ဘီလီယံကျော်မှာ တဖြည်းဖြည်း ပိုမိုတိုးတက်များပြားလာမည်ဖြစ်ပြီး သမဝါယမအသင်းများ၊ အသင်းသားများ၏ မိမိဘာသာရပ်တည်နိုင်ရေး၊ ၎င်းမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ရေးအတွက် အလားအလာကောင်းဖြစ်သည်ကို တွေ့မြင်နိုင်ပါကြောင်း။

သမဝါယမအသင်းအဆင့်ဆင့်မှ လုပ်ငန်းများ၊ ရန်ပုံငွေသုံးစွဲမှုများကိုလည်း ကော်မတီအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားရန် ညွှန်ကြားချက်ထုတ်ပြန်၍ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

သမဝါယမလုပ်ငန်းများ အောင်မြင်စေရန်မှာ စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ပြုစုရေး၊ စာရင်းများ စစ်ဆေးရေးတို့သည် အလွန်အရေးကြီးသည့် လိုအပ်ချက်များပင်ဖြစ်ပါကြောင်း၊ အသင်းအဆင့်အလိုက်ထားရှိရမည့် စာရင်းဇယားများ သတ်မှတ်ပေးခြင်း၊ စာရင်းဇယားရေးသွင်းတတ်အောင် သင်တန်းများပေးခြင်း၊ On Job Training များဖြင့် သင်ကြားခြင်း၊ ခြောက်လတစ်ကြိမ် ပုံမှန် စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ်သင်တန်းများဖွင့်ခြင်း၊ ဌာနကဖွင့်လှစ်သော သင်တန်းများသို့ စေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် အတိတ်ကသင်ခန်းစာများရယူပြီး စာရင်းဇယားများ မပျောက်နိုင်အောင် အခြေခံသမဝါယမအသင်း၏ စာရင်းဇယားများကို အခြေခံအသင်းတွင်သာမက မြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ် သမဝါယမအသင်းစုထံ၌ပါ တစ်စုံစီ ပြုစုထားရှိစေပါကြောင်း၊ အသင်းသားတိုင်းတွင်လည်း ၎င်းတို့၏ ငွေစာရင်းစာအုပ်(ချေးငွေ၊ ဆပ်ငွေ၊ စုငွေ)ရှိအောင် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

သမဝါယမ လုပ်ငန်းများသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ဒေသဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ လူထုလူတန်းစားအဖွဲ့အစည်းများနှင့် ပြည်သူအားလုံး၏ အားပေးမှုတို့ကြောင့် ချောမွေ့အောင်မြင်လျက် ရှိပါကြောင်းဖြင့်



ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြသည်။

**နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသော စက်ရုံ၊ အလုပ်ရုံများအနက်မှ အရှုံးပေါ်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံများ အခြေအနေနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်မှု အခြေအနေများနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ရှင်းလင်းတင်ပြရာတွင် ဘဏ္ဍာရေးနှင့် ဝန်ကြီးဌာနအောက်ရှိ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၏ အမှန်စာရင်းမှာ အမြတ်ရရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် စာရင်းအမှန် မထွက်ရှိသေးပါကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင်လည်း ဘဏ်၏အစဉ်အလာအရ အရှုံးအမြတ်ကို နှစ်ဆင့်တွက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စာရင်းမှန်မှာ အမြတ်ရရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် စာရင်းမှန်မထွက်ရှိသေးပါကြောင်း၊ အသေးစားချေးငွေလုပ်ငန်းကို ဖျက်သိမ်းပြီး ငွေရေးကြေးရေးကြီးကြပ်ရေး ဦးစီးဌာနပြောင်းလဲဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းက ရှင်းလင်းတင်ပြရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ စက်ရုံအလုပ်ရုံ ၂၁ ရုံအနက် လုပ်ငန်း၏ သဘောသဘာဝနှင့် လုပ်ငန်းစနစ်အရ အရှုံးအမြတ်ရေးဆွဲခြင်းမပြုနိုင်သည့် စက်ရုံအလုပ်ရုံ ၁၇ ရုံရှိပြီး အရှုံးအမြတ်ရေးဆွဲနိုင်သော အလုပ်ရုံ လေးရုံ စုစုပေါင်း စက်ရုံအလုပ်ရုံ ၂၁ ရုံရှိသည့်အနက် အလုပ်ရုံတစ်ရုံသာလျှင် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အထိ အရှုံးပေါ်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် အသုံးစရိတ်နှင့် ဝင်ငွေအချိုး ၁၀၀ ရာခိုင်နှုန်းခန့် အထိလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အသုံးစရိတ်နှင့် ဝင်ငွေအချိုး ၉၀ ရာခိုင်နှုန်းခန့်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## ကုလသမဂ္ဂဌာနချုပ်တွင်ကျင်းပသည့် PGM အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ပါဝင်တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ မိတ်ဆွေများအဖွဲ့ (Group of Friends of the Secretary General on Myanmar) မှ အမည်ပြောင်းလဲဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံတော် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေးဆိုင်ရာ မိတ်ဖက်အဖွဲ့ (Partnership Group for Peace, Development and Democracy in Myanmar- PGM)အစည်းအဝေးကို နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ အတွင်းရေးမှူးချုပ် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်၊ PG M အဖွဲ့ဝင် (၁၅) နိုင်ငံစလုံးမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက အဖွင့်မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် ဖြစ်ပေါ်တိုးတက်မှုအကျဉ်းကို ရှင်းလင်းသည်။

ထို့အတူ အဖွဲ့ဝင်(၁၅)နိုင်ငံစလုံးမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နေမှု၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှုအပေါ် ချီးကျူးပြောကြားခဲ့ကြပြီး လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို မြန်မာနိုင်ငံရေးတွင် အထူးအရေးပါသည့် ဖြစ်စဉ်တစ်ရပ်အဖြစ် အလေးထား ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၃ ရက် နေ့လယ်ပိုင်းက Assistant to the President and Deputy National Security Advisor for Strategic Communications, Mr. Benjamin J. Rhodes, Bureau of East Asian and Pacific Affairs, Mr. Daniel R. Russel တို့နှင့် Waldrof Astonia Hotel ၌ လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် Congressman Joe Crowley နှင့် Grand Hyatt Hotel ၌လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် Bureau of Democracy, Human Rights, and Labor , Assistant Secretary , Mr. Tom Malinowski နှင့် လည်းကောင်း တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Derek J. Mitchell လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၉**

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်ပါတီကော်မတီဝင် ဦးညွန့်ဝင်း ခေါင်းဆောင်သည့် မြစ်ကြီးနားမြို့နယ် ပါတီကော်မတီဝင်များနှင့် မိုးကောင်းမြို့နယ် ပါတီကော်မတီဝင် ၉၀၊ The Innovative အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းမှ တာဝန်ခံဦးမျိုးဇော်အောင် ခေါင်းဆောင်သည့် သင်တန်းသား သင်တန်းသူ ၃၇ ဦး နှင့် ကနေဒါနိုင်ငံ IDEAမှ Ms. Kirsty Duncan, Member of Parliament, the Liberal Party ခေါင်းဆောင်သည့် အဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ၁၃၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

PUN HLAING HOSPITAL

ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

(၉)နှစ်ကျော်အတွေ့အကြုံရှိပန်းလှိုင်ဆေးရုံ၏နှလုံးအထူးကုဌာနတွင် နှလုံးသွေးကြောပုံရိပ်ဖော်ခြင်းပေါင်း (၄၃၀)ခုနှင့် နှလုံးသွေးကြောထောက်ကိရိယာထည့်သွင်းကုသမှုပေါင်း(၁၉၄)ခုစသည့် နှလုံးသွေးကြောရောဂါ ရှာဖွေကုသခြင်းပေါင်း(၆၂၄)ခုတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သောနိုင်ငံတကာအတွေ့အကြုံရှိစင်ကာပူနိုင်ငံမှဆရာဝန်ကြီးများနှင့်မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများပူးပေါင်း၍နောက်ဆုံးပေါ်ခေတ်မီစက်သစ်ကြီးများဖြင့် အောက်တိုဘာလ(၃)ရက်မှ (၅)ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။



ဆက်သွယ်ရန် – ရန်ကုန် Email : enquiry.phh@spa-mm.com

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

# ဒီမိုကရက်တစ် ရဲလုပ်ငန်းနှင့် မြန်မာ့ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှု (၁)

ထက်ခေါင်

### ပြုပြင်ပြောင်းလဲရေး၏ သဘောသဘာဝ

ယခုအခါ နေရာတိုင်းတွင် ပြုပြင်ပြောင်းလဲရေးစကားသံများ နားလျှံအောင် ကြားနေရသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး စသည်ဖြင့် ဘက်ပေါင်းစုံ၌ ပြုပြင်ပြောင်းလဲရေးလုပ်နေကြသည်။ အဘယ်ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ရပါသနည်းဟု မေးလာငြားအံ့။ အတိုဆုံးသော အဖြေမှာ ခေတ်စနစ်ပြောင်းလဲသွားသဖြင့် အောက်ခြေအဆင့်ယန္တရားရှိ ခွေးသွားစိပ်များကလည်း ခေတ်စနစ်နှင့်လိုက်လျောညီထွေ ပြောင်းလဲမှုပြုလုပ်ရခြင်းဖြစ်သည်ဟု ဆိုရမည်သာဖြစ်သည်။ နိုင်ငံရေးဘောဂဗေဒအလိုအားဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတည်းဟူသော အပေါ်ထပ်အဆောက်အအုံ (Superstructure) ပြောင်းလဲသဖြင့် အခြေခံအဆောက်အအုံ (Infrastructure)ကို အလိုက်သင့်ပြောင်းရခြင်းဖြစ်သည်။ အပေါ်ထပ် အဆောက်အအုံကို တော်လှန်ရေး (Revolution)ကဲ့သို့ ဖြစ်စဉ်များဖြင့် နေ့ချင်းညချင်း ပြောင်းနိုင်သည်။ သို့သော် အခြေခံအဆောက်အအုံများဖြစ်သော လူမှုရေး၊ စီးပွားရေးဆိုင်ရာများ၊ ဥပဒေများ၊ တရားစီရင်ရေးစနစ်များနှင့် လူမှုဆက်ဆံရေးပုံစံများ၊ အဖွဲ့အစည်းအခင်းအကျင်းများ ပြောင်းလဲခြင်းကိုမူ တဖြည်းဖြည်းပြောင်းလဲမှု (Evolution) ဖြင့်သာ ညင်သာစွာ ပြောင်းလဲယူရသည်။

ထိုသို့ပြောင်းလဲရာ၌ ဘဏ္ဍာရေးကန့်သတ်ချက်အပါအဝင် အခြားသော အခြေအနေကန့်သတ်ချက်များ၊ ဥပဒေကန့်သတ်ချက်များ၊ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်နည်းကိုင်နည်းစနစ်များ၊ မျှော်မှန်းချက်များ၊ လူထု၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးရေချိန်များ၊ ဝန်ထမ်းများ၏အတွေ့အကြုံ အသိပညာရင့်ကျက်မှုနှင့် ပြောင်းလဲမှုအပေါ် လက်ခံနိုင်စွမ်းရှိမှုများ စသည်တို့သည် လက်တွေ့တွင် ကြီးမားသောစိန်ခေါ်မှုများဖြစ်သည်ကို တွေ့ကြရသည်။ အထူးသဖြင့် အဖွဲ့အစည်းအားလုံးကို အသွင်သဏ္ဌာန်ပြောင်းလဲရန် လွယ်ကူသလောက် အနှစ်သာရပြောင်းလဲရေးမှာမူ လွယ်ကူခြင်းမရှိသည်ကို သတိပြုကြရမည်သာဖြစ်သည်။

### ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုခေတ်ဦး

မည်သို့သော အခက်အခဲ အဟန့်အတားရှိသည်ဖြစ်စေ နိုင်ငံတော်အနေဖြင့် ခေတ်စနစ်ပြောင်းခြင်းနှင့်အတူ လူမှုအဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်သော ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်နေကြရသော ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးကို ခေတ်အဆက်ဆက်ကပင် ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရသည်။

### ဗြိတိသျှကိုလိုနီခေတ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပေါက်ဖွားလာမှုအခြေခံသည် ဗြိတိသျှကိုလိုနီစနစ်အတွင်း သန္ဓေကျွန်ဘဝမှအစပြုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းခြင်းခံခဲ့ရပြီးနောက် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာပြည်အနှံ့တွင် ပေါ်ပေါက်နေသော နယ်ချဲ့တော်လှန်ရေး မြန်မာမျိုးချစ်များကို နှိမ်နင်းရန် အိန္ဒိယမှ စစ်ဗာရီများကို ခေါ်ယူအသုံးပြုခဲ့သည်။ ထိုသို့ ခေါ်ယူနှိမ်နင်းရမှုမှာ စစ်စရိတ်များစွာကုန်ကျပြီး အရှုံးပေါ်သဖြင့် ၁၈၈၇ ခုနှစ်တွင် မြန်မာပြည်ဝန်ရှင်တော်မင်းကြီး ဆာချားလ်ကရော့စ်ဝိတ် (Sir Charlie Cross Waite) က မြန်မာလူမျိုးများပါဝင်သော လက်နက်မဲ့ရာဇဝတ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထူထောင်နှိမ်နင်းရန် အစီရင်ခံတင်ပြခဲ့သည်။ ထိုအစီရင်ခံစာကို လက်တွေ့ အကောင်အထည်ဖော်ရန် ၁၈၈၇ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကျေးရွာအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဆိုပါ ဥပဒေပုဒ်မ(၃) အရ ကျေးရွာပုလိပ် ဖွဲ့စည်းခန့်အပ်ခွင့်ကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် လက်နက်ကိုင်ပုလိပ်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အင်္ဂလိပ်စစ်ဗိုလ်များ၏ ဦးစီးအုပ်ချုပ်မှုဖြင့် အင်္ဂလိပ်စစ်တပ်၏ အကူအညီအထောက်အပံ့ခံသဘောသက်ရောက်အောင် ထားရှိဆောင်ရွက်ခဲ့သည်။ နယ်ချဲ့အစိုးရသည် ၁၈၈၇ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိကာလကို စစ်အုပ်ချုပ်ရေးကာလအဖြစ် သတ်မှတ်ခဲ့ရာ ပုလိပ်အဖွဲ့သည် အင်္ဂလိပ်စစ်တပ်အုပ်ချုပ်မှုအောက်တွင် ရောက်ရှိနေခဲ့သည်။ မြို့ပြအုပ်ချုပ်ရေးတွင် ခရိုင်ဝန်နှင့် ခရိုင်ရာဇဝတ်ဝန်တို့ကို ကျောရိုးပြု တည်ဆောက်ထားပြီး ကျေးရွာအုပ်ချုပ်ရေးတွင် ရွာသူကြီးနှင့် ကျေးရွာပုလိပ်ကို အခြေခံ၍ ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ၁၈၈၇ ခုနှစ်တွင် မြန်မာပြည်ပုလိပ်အဖွဲ့နှင့် ပတ်သက်၍ စုံစမ်းရေးကော်မတီဖွဲ့စည်းပြီး လေ့လာသုံးသပ်ချက်အရ ပုလိပ်အဖွဲ့တွင် မြန်မာတိုင်းရင်းသားတို့အား အမှုစစ်လုပ်ငန်းတာဝန်ထမ်းဆောင်စေလျက် အထွေထွေလုံခြုံရေးတာဝန်ကို အိန္ဒိယတိုင်းရင်းသားပုလိပ်တပ်ဖွဲ့ဝင်များအား တာဝန်ပေးစေခိုင်းရန် အကြံပြုချက်နှင့်အညီ မြန်မာလူမျိုးများထဲမှ ပညာအရည်အချင်းရှိရန်မလိုဘဲ ကျန်းမာသန်စွမ်းသည့် လုပ်ရဲကိုင်ရဲရှိသူများကို လစာငွေအဖြစ် တစ်ဦးလျှင် ငွေ ၉ ကျပ် ၁၀ ပဲပေးပြီး ပုလိပ်ရဲသားများအဖြစ် ပုလိပ်အဖွဲ့သို့ ဝင်ခွင့်ပြု ခဲ့သည်။

ပုလိပ်ဟူသောအသုံးအနှုန်းမှာ (Police)ပုလိ(စ်)ကို မြန်မာမှုပြုပြီး ခေါ်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပုလိ(စ်)(Police)ဟူသော စကားရပ်မှာ ဂရိဘာသာအားဖြင့် မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံ၊ အစိုးရတစ်ဖွဲ့ဟု အဓိပ္ပာယ်ရသော (Politia)စကားစုမှ ဆင်းသက်လာခြင်းဖြစ်သည်။ ပြင်သစ်ဘာသာအားဖြင့်လည်း ပုလိ(စ်)(Police)ဟူသည် "တရားဥပဒေနှင့်စည်းမျဉ်းများကို ပြည်သူများက လေးစားလိုက်နာရန် ဆောင်ရွက်သည့်အဖွဲ့အစည်း"ဟု အဓိပ္ပာယ်ရသည်။ ယခုခေတ် နိုင်ငံတကာ၌ သုံးနှုန်းလေ့ရှိသည့် Law Enforcement Agency နှင့် သဘောအတူတူပင်ဖြစ်ကြောင်း သိရှိနိုင်သည်။ ထိုမှတစ်ဆက်တည်းမှာပင် ဥပဒေနှင့် ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းခြင်းကို ပုလိစ်မင့် (Policement)ဟု ခေါ်ဆိုကြသည်။

> ● ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်နေကြရသော ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးကို ခေတ်အဆက်ဆက်ကပင် ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရ။

နယ်ချဲ့အစိုးရသည် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သိမ်းပိုက်ပြီးနောက် ရန်ကုန်မြို့တော်ကို ဗဟိုအစိုးရရုံးစိုက်ရာမြို့အဖြစ် သတ်မှတ်ခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့သည် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်ခြင်း၊ လူနေအိမ်ခြေထူထပ်ခြင်း၊ နိုင်ငံခြားသံရုံးသံတမန်များ ရုံးစိုက်နေထိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးထွန်းကားခြင်းတို့ကြောင့် အခြားဒေသနှင့်မတူဘဲ ထူးခြားစွာ အုပ်ချုပ်ရန် လိုအပ်လာခဲ့သည်။ ထို့ကြောင့် ရန်ကုန်မြို့ ပုလိပ်အက်ဥပဒေကို အတည်ပြုထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံပုလိပ်အဖွဲ့မှ သီးခြားခွဲထုတ်၍ ရန်ကုန်မြို့တော်ပုလိပ်အဖွဲ့ကို ၁၈၉၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ သို့ဖြစ်၍ ထိုစဉ်ကာလက မြန်မာနိုင်ငံတွင်စစ်ပုလိပ်အဖွဲ့၊ မြို့ပြပုလိပ်အဖွဲ့နှင့် ရန်ကုန်မြို့တော်ပုလိပ်အဖွဲ့ဟူ၍ ပုလိပ်အဖွဲ့သုံးဖွဲ့ ဖွဲ့စည်းခဲ့သည်။

၁၉၃၇ ခုနှစ် ဧပြီလ ၁ရက်နေ့တွင် မြန်မာနိုင်ငံသည် အိန္ဒိယမှခွဲထွက်၍ Home Rule ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးရခဲ့သည်။ အစိုးရပုံစံ အနည်းငယ်ပြောင်းလဲသွားသဖြင့် ရဲအဖွဲ့ကိုလည်း ပြည်မ၌ ပုလိပ်အဖွဲ့ကို ကူညီရသော သာမန်စစ်ပုလိပ်အဖွဲ့နှင့် နယ်ခြားဒေသများကို စောင့်ရှောက်ရသော နယ်ခြားဒေသစစ်ပုလိပ်ဟူ၍ နှစ်မျိုးခွဲထုတ်ခဲ့သည်။ သာမန်စစ်ပုလိပ်ကို ပုလိပ်မင်းကြီးတစ်ဦးက အုပ်ချုပ်ပြီး နယ်ခြားဒေသစောင့် စစ်ပုလိပ်များကို စစ်ဘက်အရာရှိကြီးတစ်ဦးက အုပ်ချုပ်ခဲ့သည်။

### ဖက်ဆစ်ဂျပန်ခေတ်

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်များ မြန်မာပြည်သို့ရောက်ရှိလာသည့် ၁၉၄၂ ခုနှစ်တွင် မြန်မာပြည်ပုလိပ်အဖွဲ့ကို မြန်မာပြည်ရဲအဖွဲ့ဟု အမည်ပြောင်းလဲခဲ့သော်လည်း အနှစ်သာရအားဖြင့် ထူးခြားသောပြောင်းလဲမှုများ မရှိခဲ့ပေ။ ခေတ်ကာလအခြေအနေအရ စစ်ရေးစစ်ရာများသာ အရေးကြီးဆောင်ရွက်နေချိန်ဖြစ်သဖြင့် ရဲတပ်ဖွဲ့၏လုပ်ငန်းအဝဝသည် လူထုအတွက်ဖြစ်မလာဘဲ ဂျပန်အစိုးရ၏ အကျိုးစီးပွားကိုသာ ထမ်းရွက်ခဲ့ကြရသည်။

### CAS(B)ခေတ်

၁၉၄၅ခုနှစ်တွင် အင်္ဂလိပ်များ မြန်မာပြည်တွင်း ပြန်လည်ဝင်ရောက်လာသောအခါ ကက်စ်ဘီ (Cavil Administration Settlement ) (Burma)-CAS(B)ခေါ် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ပြီး ဂျပန်ခေတ်က ပြောင်းလဲခေါ်ဝေါ်ခဲ့သော ရဲအဖွဲ့ကို ပုလိပ်ဟုပင်ပြန်လည်ခေါ်ဝေါ်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံပုလိပ် အက်ဥပဒေ (1945 Police Act)ကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပြီး လက်နက်ကိုင်ရဲအဖွဲ့ (Armed Police)နှင့် နယ်ခြားစောင့်ရဲ (Frontier Constabulary Police )များဟူ၍ နှစ်မျိုး ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့သည်။

### ဖဆပလအစိုးရခေတ်

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ပြည်ထောင်စု စစ်ရဲ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် မြန်မာပြည်လက်နက်ကိုင်ရဲအဖွဲ့၊ မြန်မာပြည် နယ်ခြားစောင့်တပ်နှင့် သောင်းကျန်းမှုနှိမ်နင်းရေး လက်နက်ကိုင်တပ်တို့ကို ပူးပေါင်း၍ ပြည်ထောင်စု စစ်ရဲတပ် (Union Military Police) U.M.P ဟု တစ်ပေါင်းတည်း ပူးပေါင်းဖွဲ့စည်းခဲ့ပြီး အထွေထွေလုံခြုံရေး၊ နယ်ခြားဒေသစောင့်ရှောက်ရေးနှင့် သောင်းကျန်းသူ ချေမှုန်းရေးတာဝန်များကို တပ်မတော်နှင့်အတူ ပူးတွဲထမ်းဆောင်စေခဲ့သည်။ တပ်ရင်းပေါင်း ၂၁ ရင်းရှိပြီး ရဲဗိုလ်ချုပ်ကြီး (ရဲချုပ်)က ဦးစီးအုပ်ချုပ်သည်။ ပြည်တွင်းလုံခြုံရေးနှင့် သောင်းကျန်းသူချေမှုန်းရေးအတွက် စစ်ရဲဗိုလ်ချုပ်(ဒုရဲတပ်ချုပ်အဖြစ်ပါတာဝန်ယူ)တစ်ဦးခန့်အပ်ပြီး ယူအမ်ပီတပ်များကို ကွပ်ကဲစေ၍ လုပ်ငန်းဆောင်ရွက်စေခဲ့သည်။ စစ်ရဲတပ်များကို (ပြည်တွင်း လုံခြုံရေးတပ်များ) လက်နက်ကိုင်ရဲအဖွဲ့(Armed Police) နှင့် နယ်ခြားစောင့်ရဲ (Fromtier Constabulary Police) များဟူ၍ နှစ်မျိုးပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ စစ်ရဲတပ်များကို စစ်ဖြစ်နေဆဲကာလတွင် တပ်မတော်၏ အရန်တပ်အင်အားအဖြစ် ကာကွယ်ရေးဌာနအောက်တွင်ထားလျက် ငြိမ်းချမ်းသောကာလတွင် မြို့ပြအုပ်ချုပ်ရေးဌာနလက်အောက်တွင် ထားရှိခဲ့သည်။ စစ်ရဲတပ်များတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် အင်္ဂလိပ်၊ အိန္ဒိယနိုင်ငံသားများ ဝင်ရောက်အမှုထမ်းခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ပုလိပ်အမည်ကိုဖျောက်၍ 'ရဲ'ဟု အမည်ပြောင်းလဲခဲ့သည်။ ပခုံးဒေါက်တွင် တပ်ဆင်သည့် B.P(Burma Police) စာတန်းအစား "ရဲဗမာ" ဟု ပခုံးဒေါက်စာတန်းကို ပြောင်းလဲသုံးစွဲခဲ့သည်။ သို့သော် "ရဲဗမာ" အမည်သည် လူမျိုးရေးစိတ်ဓာတ်ပြင်းထန်သော တိုင်းရင်းသားလူမျိုးအဖို့ စိတ်ဝမ်းကွဲမှု ဖြစ်ပေါ်စေနိုင်သဖြင့် ၎င်းအစား "ရဲတပ်" ဟု ပခုံးဒေါက်စာတန်းကို ပြောင်းလဲအသုံးပြုခဲ့သည်။

---

# မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် Modern Banking Concept ဖြင့် လည်ပတ်သော နိုင်ငံတကာအဆင့်မီဘဏ်ခွဲစတင်

သတင်းနှင့် ဓာတ်ပုံ
တင်လှမောင်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းစနစ်များအား Customer Service များအတွက်ထိရောက်စွာ ဝန်ဆောင်မှုများပေးနေသော ပုဂ္ဂလိကဘဏ်များ အသီးသီးထွက်ပေါ်လျက်ရှိနေပြီဖြစ်သည်။

ထိုအတွက်ကြောင့် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလ ပန်းခြံလမ်းထောင့်ရှိ ယခင် အရှေ့တောင်အာရှတွင် နိုင်ငံတကာအဆင့်မီ ဖွင့်လှစ်ခဲ့သည့် Rowe ကုန်တိုက်အဆောက်အအုံဟောင်းနေရာ၌ ဧရာဝတီဘဏ်ရုံးချုပ်၏ မြန်မာနိုင်ငံတွင် ဘဏ်ခွဲ ၈၀ မြောက်ဖြစ်သော နောက်ဆုံးဘဏ်ခွဲအသစ်ကို စက်တင်ဘာ၂၅ ရက် နံနက် ၉ နာရီက ဖွင့်လှစ်လိုက်ရာ လာရောက်ကြသော အများပြည်သူများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။ အသစ်ထပ်မံဖွင့်လှစ်လိုက်သော ဧရာဝတီဘဏ်ရုံးချုပ်တည်ရှိရာ ကျောက်တံတားဘဏ်ခွဲအသစ်၏ ထူးခြားချက်မှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်မြောက် Modern Banking Concept ဖြင့် လည်ပတ်လိုက်သော နိုင်ငံတကာအဆင့်မီ ဘဏ်ခွဲတစ်ခုဖြစ်ကာ ယခင်ဖွင့်ထားသော အခြားဘဏ်ခွဲများနှင့် မတူညီကြောင်း သိရသည်။



Modern Banking Concept ဖြင့် လည်ပတ်လိုက်သော နိုင်ငံတကာအဆင့်မီဘဏ်ခွဲအသစ်ကို ဖွင့်လှစ်ခဲ့ရာ ကောင်တာတစ်ခုတည်း၌ ငွေသွင်း၊ ငွေထုတ်ပြုလုပ်နေစဉ်။

ယခင်ဘဏ်ခွဲများနှင့် မတူညီဘဲ ပုံစံကွာခြားချက်များမှာ သီးသန့်ဖောင်ဖြည့်ရခြင်း၊ ငွေသွင်း၊ ငွေထုတ်ရန်နှင့် ငွေလွှဲရန်အတွက် ကောင်တာအသီးသီးသို့ သီးသန့်သွားရောက်ရခြင်းများမလိုအပ်တော့ဘဲ ယခုအခါ Modern Banking System အရ လာရောက်ကြသည့် Customer များမှ ဖောင်ဖြည့်တိုကင်နံပါတ်ရယူကာ ထိုင်စောင့်ပြီး မိမိအလှည့်ရောက်သည်နှင့် ကောင်တာနေရာတစ်ခုတည်း၌ ငွေသွင်း၊ ငွေထုတ်ခြင်းနှင့် ပြည်တွင်း ပြည်ပနေရာအသီးသီးသို့ ငွေလွှဲခြင်းများ လုပ်ဆောင်နိုင်ကြပြီဖြစ်ရာ အများပြည်သူ Customer များ အချိန်ကုန်သက်သာခြင်းဖြင့် လွယ်ကူချောမောစေတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်မြောက် Modern Banking Concept ဖြင့် စတင်လည်ပတ်လိုက်သောဧရာဝတီဘဏ်မှာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က World Finance မှ ပေးအပ်ချီးမြှင့်သော အကောင်းဆုံး ပုဂ္ဂလိကဘဏ်ဆု (Best Private Bank 2013) ကို ရယူထားကြောင်း သိရသည်။

လာမည့်နိုဝင်ဘာတွင် အင်္ဂလန်နိုင်ငံမှပေးအပ်ချီးမြှင့်မည့် လျင်မြန်စွာ တိုးတက်လာသော ဘဏ်ဆု (Global Banking & Finance Review Fastest Growing Retail Bank Myanmar 2014) နှင့် ဘဏ်စနစ်ဆန်းသစ် တီထွင်နိုင်ဆုံး ဘဏ်ဆု (Most Innovative Banking Services Myanmar 2014) နှစ်ဆုအား သွားရောက်ရယူရမည်ဖြစ် ကြောင်း ဧရာဝတီဘဏ်ရုံးချုပ်မှ သိရသည်။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဆိုင်ကယ်လိုင်စင် စီမံချက်ကာလ ပြီးဆုံးပြီဖြစ်၍ မှတ်ပုံတင်မဲ့ဆိုင်ကယ်များအား အရေးယူဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၂၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **"မြန်မာနိုင်ငံတွင် သန့်ရှင်းသောအစိုးရ စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရန် Procurement Law ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက Government Procurement ဆိုသည်မှာ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများက ကူးသန်းရောင်းဝယ်ရေး ပြုလုပ်ရန် မဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင် အသုံးပြုရန်အတွက် ဝယ်ယူသောပစ္စည်းနှင့် ဝန်ဆောင်မှုများဖြစ်သည်ဟု General Agreement on Tariffs Trade(GATT)1947တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း။

အဆိုပါစာချုပ်အရ နိုင်ငံခြားသားနှင့် ပြည်တွင်း Supplier များအား အခွင့်အရေးတန်းတူပေးရန်နှင့် မြန်ဆန်သွက်လက်မှုရှိသော ဝယ်ယူမှုဖြစ်စေရန် အစိုးရအေဂျင်စီများသည် ပွင့်လင်းမြင်သာမှု ရှိစေရန် နည်းလမ်းသုံးခုရှိသည့်အနက် တစ်ခုကို ရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်သည့် တင်ဒါစည်းကမ်းချက်များနှင့် အညီ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ သတင်းစာတွင် ထည့်သွင်း၍ အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ပွင့်လင်းမြင်သာမှုရှိစေရန် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အစိုးရက ပစ္စည်းဝယ်ယူခြင်းသည် စီးပွားရေးနယ်ပယ်တစ်ခုလုံး အပေါ်တွင်လည်းကောင်း၊ စီးပွားရေးအကျိုးဖြစ်ထွန်းမှုအပေါ်တွင် လည်းကောင်း၊ အခွန်အကောက်ဆိုင်ရာ အဆင့်အတန်းကို လည်းကောင်း၊ နိုင်ငံတော်၏ ရေရှည်အကျိုးဖြစ်ထွန်းမှုအပေါ်တွင်လည်းကောင်း အကျိုးသက်ရောက်မှု ရှိသကဲ့သို့ ဈေးကွက်စီးပွားရေးယှဉ်ပြိုင်မှုကိုလည်း ဖြစ်ထွန်းပေါ်ပေါက်စေပါကြောင်း။



**ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြေကြားစဉ်။**
(သတင်းစဉ်)

ယှဉ်ပြိုင်မှုသည် အကောင်းဆုံးပစ္စည်းကို ရရှိစေသကဲ့သို့ ဝယ်ယူပြီးမှရရှိသော ဝန်ဆောင်မှုလုပ်ငန်းကောင်းများကိုလည်း ရရှိစေသည့်အပြင် ငွေကြေးဖောင်းပွမှု၊ အဂတိလိုက်စားမှုတို့ကိုလည်း တိုက်ဖျက်ရာရောက်ပါကြောင်း၊ ယှဉ်ပြိုင်မှု၊ ပွင့်လင်းမြင်သာမှုတို့သည် ဈေးကွက်စီးပွားရေးစနစ်တွင် အဓိကကျသည့်သော့ချက်များဖြစ်သကဲ့သို့ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ အရ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှု တတိယလှိုင်းတွင် ရောက်ရှိနေပြီး စီးပွားရေးအရှိန်မြှင့်တင်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သော စက်ကိရိယာများ၊ ပစ္စည်းများကို အခြားနိုင်ငံများမှ ဝယ်ယူရာတွင် ပွင့်လင်းမြင်သာမှု၊ ယှဉ်ပြိုင်မှု၊ ပစ္စည်း အရည်အသွေးကောင်းမွန်မှု၊ အဂတိလိုက်စားမှုများ ပပျောက်စေလိုမှုတို့ကို ရည်ရွယ်သော အစိုးရကဏ္ဍများ၏ ပစ္စည်းဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် Government Procurement Law တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍စီမံခန့်ခွဲမှုပြုသည့်ဝန်ကြီးဌာနမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **"ဆိုင်ကယ်လိုင်စင်ကို အလွယ်တကူပြုလုပ်နိုင်ရေးနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ အလိုအလျောက် ကွယ်ပျောက်ရေး မည်ကဲ့သို့ စီစဉ်မည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို သက်ဆိုင်ရာဌာနများ ပူးပေါင်းပြီး One Stop Service စနစ်ဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှ ဇူလိုင် ၄ ရက်ထိ နောက်ဆုံးအကြိမ်အဖြစ် သတ်မှတ်၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

One Stop Service ကို ယခုဆောင်ရွက်ပြီးစီးသွားသည့် အကြိမ်သည် နောက်ဆုံးအကြိမ် ပြုလုပ်ပေးခြင်းဖြစ်ပြီး ထပ်မံပြုလုပ်ပေးရန် အစီအစဉ် မရှိတော့ပါကြောင်း၊ စီမံ



**ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းစဉ်။**
(သတင်းစဉ်)

ချက်ကာလ ပြီးဆုံးသွားပြီဖြစ်၍ တည်ဆဲဥပဒေများကို လေးစားလိုက်နာစေရန်အတွက် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို အရေးယူဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို စိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက တိုက်ရိုက်တာဝန်ယူကြီးကြပ်သွားမည်ဖြစ်ပြီး မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်အဖြစ် စိစစ်တွေ့ရှိပါက ဒေသပေါက်ဈေး၏ ၅၀ ရာခိုင်နှုန်း (သို့မဟုတ်) ယင်းတန်ဖိုးထက်မနည်းသော ဒဏ်ကြေးကို သက်ဆိုင်ရာ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ကောက်ခံ၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့စည်ပင်သာယာရေးနယ်နိမိတ်တွင် ဖောက်ဖျက်ကျူးလွန်ပါက (သို့မဟုတ်) လိုက်နာရန် ပျက်ကွက်ပါက တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအရ ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ၃၀၀၀၀၊ အများဆုံးကျပ် ၁၀၀၀၀၀ ချမှတ်ခြင်းခံရမည်ဖြစ်ပါကြောင်း၊ မြင့်မားသော ဒဏ်ကြေးငွေများ တပ်ရိုက်စစ်ဆေးနေခြင်းသည် ပြည်သူများထံမှ ငွေရှာနေခြင်း မဟုတ်ဘဲ အများပြည်သူအနေဖြင့် ဥပဒေလိုက်နာသည့် အလေ့အကျင့်ကောင်းများ မွေးမြူနိုင်ရန်၊ တရားဝင် နည်းလမ်းဖြင့် မော်တော်ဆိုင်ကယ်များ တင်သွင်းလာစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာပြီး ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းကျဆင်းစေရန်နှင့် ယာဉ်အန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ လျော့နည်းစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ပျော်ဘွယ်မြို့နေ ပြည်သူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သင်တန်းများ ဖွင့်လှစ်၍ ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်း၊ ယာဉ်လိုင်စင်သက်တမ်းတိုးခြင်းကိစ္စများကို နယ်လှည့်(ရွေ့လျား) စနစ်ဖြင့် လိုအပ်ချက်နှင့် လုပ်ငန်းပမာဏအပေါ် မူတည်ပြီး ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပစေလိုကြောင်း ညှိနှိုင်းအကြောင်းကြားလာပါလျှင် ဆီလျော်သောအရေအတွက် တက်ရောက်နိုင်ရန် စီစဉ်ပေးပါက အတတ်နိုင်ဆုံး ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

မော်တော်ဆိုင်ကယ်များ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင်များ လျှောက်ထားရယူရာတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)သို့ လာရောက် လျှောက်ထားရယူရခြင်းမှ ယခုအခါ ဆိုင်ကယ်တင်သွင်းမှုများ ပိုမိုမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာ နယ်စပ်စခန်းများမှ (ရုံးချုပ်)သို့ ကြေးနန်းဖြင့် တင်ပြခွင့်ပြုချက်ရယူစေကာ နယ်စပ်စခန်းများတွင်ပင် ဆိုင်ကယ်တင်သွင်းခွင့် လိုင်စင်များကို ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများနှင့်အညီ လျင်မြန်စွာ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီက အစီရင်ခံစာတင်သွင်းခဲ့သည်။

အစီရင်ခံစာ၌ တရားရေးနှင့် စပ်လျဉ်း၍ တိုင်ကြားစာ ၃၅၀၀၊ လယ်ယာမြေနှင့် စပ်လျဉ်း၍ တိုင်ကြားစာ ၂၅၀၀၊ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ၁၁၇၀၊ တပ်မတော်နှင့် စပ်လျဉ်း၍ တိုင်ကြားစာ ၁၀၀ ရှိကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့် လျှောက်ထား စစ်ဆေး ခွင့်ပြုပေးခြင်းများကို လုပ်ငန်းအဆင့်များ လျှော့ချ၍ ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့ထုတ်ပေးသည့် ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များနှင့်ပတ်သက်သည့် အသိပညာများကို ပြည်သူများရရှိနိုင်ရန် မြန်မာနိုင်ငံအတွင်း ခရိုင်မြို့ကြီးများတွင် ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ အပါအဝင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံလုပ်ငန်းသင်တန်းများအား ၂၀၁၂ ခုနှစ်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ထားဝယ်၊ ပုသိမ်၊ မကွေး၊ မော်လမြိုင်၊ ပဲခူး၊ တောင်ကြီး၊ မြစ်ကြီးနား၊ မုံရွာနှင့် ဘားအံမြို့တို့တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် လွိုင်ကော်မြို့၌လည်းကောင်း ရက်တိုသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံလုပ်ငန်းသင်တန်းများကို ၂၀၁၄ ခုနှစ် မေ ၁၄ ရက်မှ ၁၆ ရက်အထိ ကရင်ပြည်နယ် ဘားအံမြို့တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် မေ ၁၉ ရက်မှ ၂၁ ရက်အထိ ကရင်ပြည်နယ် မြဝတီမြို့၌လည်းကောင်း ထပ်မံဖွင့်လှစ် ဆွေးနွေးပို့ချခဲ့ပါကြောင်း၊ ဆက်လက်၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာတွင် ချင်းပြည်နယ် ဟားခါးမြို့၌လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌လည်းကောင်း ဖွင့်လှစ်ပို့ချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနရုံးချုပ်နှင့် ပြည်နယ်ရုံးခွဲများ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို သွားရောက်ဆွေးနွေးမေးမြန်းပါက ဝန်ထမ်းများမှ ရှင်းလင်းဆွေးနွေးအကြံပြုပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှဦးစတီဗင်သာဘိတ်၏ **"ပုဂ္ဂလိကအဖွဲ့အစည်း၊ ကုမ္ပဏီများမှ ကျွန်း၊ သစ်မာနှင့် အခြားသစ်ပင်များစိုက်ပျိုးရန် လျှောက်ထားမှုအပေါ် လုပ်ငန်းလိုင်စင်ရရှိရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပုဂ္ဂလိကစိုက်ခင်းများ



**ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြေကြားစဉ်။**
(သတင်းစဉ်)

တည်ထောင် ဆောင်ရွက်လိုပါက ဝန်ကြီးဌာနအနေဖြင့် နှစ်ရှည်မြေငှားရမ်းသည့်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ခွင့်ပြုလျက်ရှိပါကြောင်း။

ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခွင့်လျှောက်ထားရာ၌ လျှောက်ထားသူတွင် အမှန်တကယ်ရင်းနှီးမြှုပ်နှံနိုင်သော ငွေကြေးပိုင်ဆိုင်မှု အထောက်အထားများ ရှိ/မရှိ၊ မြေနေရာဦးလို၍ မဟုတ်ဘဲ အမှန်တကယ်စိုက်ပျိုးလိုခြင်း ရှိ/မရှိ၊ သစ်တောလုပ်ငန်း/ သစ်တောကဏ္ဍနှင့် ဆက်နွှယ်သော လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်ဝန်ထမ်းလုပ်သားများ ရှိ/ မရှိကို စိစစ်ပါကြောင်း၊ လျှောက်ထားသည့် မြေနေရာနှင့်ပတ်သက်၍လည်း စိုက်ခင်းတည်ထောင်ရန် သတ်မှတ်ထားသော အလုပ်တိုက်နယ်အတွင်းပါဝင်ခြင်း ရှိ/မရှိ၊ သတ်မှတ်ထားသော ပုဂ္ဂလိကစိုက်ခင်းဇုန်အတွင်း ကျရောက်မှု ရှိ/ မရှိ၊ အရေးကြီးဆည်နှင့် ရေလှောင်တမံများ၏ ရေဝေရေလဲဧရိယာနှင့် လွတ်ကင်းမှု ရှိ / မရှိ၊ မူလတောအခြေအနေအရ သစ်ပင်ပြန်လည်စိုက်ပျိုးရန် လိုအပ်ခြင်း ရှိ /မရှိ၊ ဌာနစိုက်ခင်းနှင့် အခြားသစ်တောလုပ်ငန်းများ ဆောင်ရွက်ထားသည့် မြေနေရာနှင့် ကင်းလွတ်မှု ရှိ/ မရှိ၊ စိုက်ပျိုးလိုသည့် သစ်မျိုးနှင့် မြေအမျိုးအစား ကိုက်ညီမှု ရှိ/ မရှိ၊ ကျူးကျော်လယ်ယာမြေများနှင့် လွတ်ကင်းမှု ရှိ / မရှိ စသည့်အချက်အလက်များကို စိစစ်ပြီး စိုက်ပျိုးခွင့် ခွင့်ပြုခြင်းကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခွင့်ကို လျှောက်ထားချိန်မှ ခွင့်ပြုချိန်အထိ ကျွန်းစိုက်ခင်းဖြစ်ပါက နှစ်လမှသုံးလအထိ ကြာမြင့်ပြီး သစ်မာစိုက်ခင်းနှင့် ရော်ဘာ၊ ဆီအုန်းစသည့် စက်မှုစိုက်ခင်းများအတွက် တစ်လမှနှစ်လအထိ ကြာမြင့်ပါကြောင်း၊ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့်လျှောက်ထားခြင်း၊ စစ်ဆေး



**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစတီဗင်သာဘိတ် မေးမြန်းစဉ်။**
(သတင်းစဉ်)

တင်ပြခြင်း၊ ခွင့်ပြုပေးခြင်းများကို Online မှတစ်ဆင့် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်သွားမည်ဖြစ်ပြီး လုပ်ငန်းအဆင့်များကို လျှော့ချ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **"စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှုအစီအစဉ်(Development Project Implementation Schedules)နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်က ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေနှင့် သာမန်အသုံးစရိတ်ခွင့်ပြုငွေများကို လုပ်ငန်းတစ်ခုတည်းတွင် ရော၍သုံးစွဲလုပ်ကိုင်ခြင်းနှင့်သာမန်အသုံးစရိတ် ခေါင်းစဉ်အောက်ရှိ လုပ်ငန်းများကို ငွေလုံးငွေရင်းအသုံးစရိတ် တောင်းခံသုံးစွဲခြင်းတို့ကြောင့် စာရင်းနည်းလမ်း တကျမရှိခြင်း ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦးက အချို့စီမံကိန်းများသည် စီမံကိန်းပြီးစီးသည့်နောက် နှစ်အနည်းငယ်ကြာသည့်တိုင် စီမံကိန်းခန့်မှန်းခြေ

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း



# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ အမှတ်(၂) ရေတပ်မတော် ဌာနချုပ်သို့ရောက်ရှိပြီး စစ်ရေယာဉ်များကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် National Cemetery သို့သွားရောက်ပြီး ပန်းခွေချ အလေးပြုခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် Pyeongtaek ရှိ Naval 2nd Fleet Command သို့ရောက်ရှိကြရာ Naval 2nd Fleet Command ၏ Commander Rear Admiral Park Sung Bae နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓာတ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Naval 2nd Fleet Command အတွင်း ကိုရီးယားရေတပ်မတော်မှ စစ်ရေယာဉ် ROKS Incheon FFG -811 ၏အစည်းအဝေးခန်းမ၌ ရေတပ်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ပြီး စစ်ရေယာဉ် ROKS Incheon FFG-811၊ ROKS HYUN Si Hak နှင့် ROKS CHEONAN တို့အား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

***အမျိုးသားလွှတ်တော်မှ***

စာရင်းများ ပြုစုပြီးစီးမှု မရှိသေးပါကြောင်း၊ စီမံကိန်းနှင့်သက်ဆိုင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ် တည်ငြိမ်မှုမရှိဘဲ သက်ဆိုင်ရာဘဏ္ဍာနှစ်တွင် လည်းကောင်း၊ နှစ်အလိုက်လည်းကောင်း လုပ်ငန်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ ကိန်းဂဏန်းများကို အကြိမ်ကြိမ် ပြင်ဆင်သတ်မှတ်လျက် ရှိနေပါကြောင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၏ စိစစ်ချက်နှင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ပါရှိသော စီမံကိန်းများဖြစ်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ၏အကျိုးရလဒ် အမှန်တကယ်ရရှိမည့် စီမံကိန်းများဖြစ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းက စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အနေဖြင့် နိုင်ငံပိုင်အခန်းက ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အဆိုပြုတင်ပြသည့်အဆင့်မှ အကောင်အထည်ဖော်ပြီးစီးသည် အထိ စိစစ်တင်ပြလျက်ရှိပါကြောင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနသည် အဆိုပါ လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း၊ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး၊ အရင်းကျေကာလ စသည့် စီးပွားရေးနှင့် ဘဏ္ဍာရေးအရ တွက်ခြေကိုက်မှုအခြေအနေတို့ကို စိစစ်တွက်ချက်ပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ နိုင်ငံပိုင်အခန်းက ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများစာရင်းတွင် ထည့်သွင်းရေးဆွဲနိုင်ရန်အတွက် ပေးပို့ရပါကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းစီမံကိန်းများ၏ အဓိကအချက်အလက်များနှင့် အကောင်အထည်ဖော်မှုအစီအစဉ် ပုံစံ(က)နှင့် လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်မှုအခြေအနေ အစီရင်ခံစာအတွက် ပုံစံ(ခ)တို့ကို စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသို့ ပေးပို့ရပါကြောင်း။

လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်သည့် ဝန်ကြီးဌာနများမှ တင်ပြလာသည့် သုံးလပတ် အစီရင်ခံစာ(ပုံစံ-ခ)များကို လက်ခံရရှိပြီးဖြစ်သည့် အကောင်အထည်ဖော်မှု အစီအစဉ်( ပုံစံ-က)များနှင့် နှိုင်းယှဉ်သုံးသပ်၍ လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို မူလအဆိုပြုစဉ်က တင်ပြထားသည့် ကာလအပိုင်းအခြားအလိုက် အခြေအနေနှင့်ကိုက်ညီမှု ရှိ / မရှိ စိစစ်တင်ပြလျက်ရှိပါကြောင်း၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသည် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသည့် နေရာများသို့သွားရောက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**



***ကျော့ဖုံးမှ***

စက်တင်ဘာ ၂၈ ရက်တွင် MNL အမှတ်ပေးချန်ပီယံဆုကို လက်ခံရယူခဲ့သည့် ရတနာပုံအသင်းသည် စက်တင်ဘာ ၂၉ ရက်တွင် ကိုယ်စားပြုတိုင်းဒေသကြီးဖြစ်သည့် မန္တလေးသို့ပြန်ကာ အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း ဦးဆောင်၍ CEO အုပ်ချုပ်/ နည်းပြအဖွဲ့ဝင်များ အောင်ပွဲရ ကစားသမားများသည် နံနက် ၇ နာရီတွင် Air KBZ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ထွက်ခွာကြပြီး နံနက် ၈ နာရီခွဲမှစ၍ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်အောင်ပွဲခံကြသည်။ အောင်ပွဲရရတနာပုံအသင်းကို လေဆိပ်၌ မန္တလေး မြို့မိမြို့ဖများ Fan club ဝင်များ ဒေသခံဘောလုံးပရိသတ်များက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ချန်ပီယံရတနာပုံအသင်း၏ အောင်ပွဲခံယာဉ်တန်းသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြစ်ငယ်၊ ပုလိပ်မြို့တို့ကိုဖြတ်သန်းပြီး ကျွဲဆည်ကန်(၇၈)လမ်း၊ (၃၅)လမ်းမှ (၈၄)လမ်းအတိုင်း ဈေးချိုအထိ လှည့်လည်အောင်ပွဲခံကြသည်။ မန္တလေးမြို့ခံ ပရိသတ်များသည် လေဆိပ်ကတည်းက မော်တော်ဆိုင်ကယ်များဖြင့် လိုက်လံအောင်ပွဲခံခဲ့ရာ အောင်ပွဲခံ ယာဉ်တန်းကြီးသည် ပိုမိုရှည်လျားသွားခဲ့ပြီး မန္တလေးမြို့တွင်းအရောက်တွင် တိုးမပေါက်အောင် ဖြစ်ခဲ့ရသည်။

ရတနာပုံအသင်းသည် မန္တလေးဈေးချိုတွင်ဈေးသူ၊ ဈေးသားများ၏ ဂုဏ်ပြုမှုကိုခံယူပြီး ဈေးချိုမှ ကျုံးကိုပတ်ကာ အောင်မြေမန္တလာ ဘောလုံးကွင်းအထိ ထပ်မံအောင်ပွဲခံကြသည်။ အောင်မြေမန္တလာကွင်း၌ ဆုဖလားအပ်နှံပွဲကို ဆက်လက်ကျင်းပသည်။ ဆုဖလားအပ်နှံပွဲတွင် အောင်ပွဲရ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့်အသင်းသားများက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဆုဖလားကို အပ်နှံသည်။

ရတနာပုံအသင်း၏ အောင်ပွဲအထိမ်းအမှတ်အဖြစ် ညနေပိုင်းမှစ၍ စိုင်းစိုင်းခမ်းလှိုင်၊ Rဇာနည်၊ ဇော်ပိုင်၊ ဖိုးကာ၊ ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ ဖြူဖြူကျော်သိန်း၊ ဝိုင်းစုခိုင်သိန်း စသည့် အနုပညာရှင်၊ တေးသံရှင်များက သီချင်းများဖြင့် ဖျော်ဖြေကြပြီး ဈေးရောင်းပွဲတော်များနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပသည်။

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ချန်ဒူးစစ်ဒေသ၏ နိုင်ငံရေးအရာရှိအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသ၏ နိုင်ငံရေးအရာရှိ Lt. Gen. Zhu Fuxi အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Lt. Gen. Zhu Fuxi နှင့်အတူ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Sr. Col Xiong Shaowei တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးပပျောက်ရေး၊ လူကုန်ကူးမှု ပပျောက်ရေး၊ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးဆိုင်ရာကိစ္စရပ်များအပြင် သဘာဝဘေးအန္တရာယ် ပူးပေါင်းကာကွယ်တားဆီးရေးတို့ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် နှစ်နိုင်ငံသင်တန်းသားများ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

***ကျော့ဖုံးမှ***

အပြန်အလှန် အလည်အပတ်ခရီးသွားရောက်နိုင်ရေးအတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် နည်းလမ်းရှာဖွေပြီး အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံမှုတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အရာရှိကြီးများ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်တို့တက်ရောက်ခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံဘက်မှ Joint Chiefs of Staff ဖြစ်သူ Admiral Choi Yoon-hee နှင့် အစိုးရတာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့အား ကိုရီးယားတပ်မတော် Joint Chiefs of Staff Office မှ Major General Kim Yong-woo နှင့်ဇနီးတို့သည် ဆိုးလ်မြို့ Korea House Restaurant ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(မြဝတီ)**

***ကျော့ဖုံးမှ***

အသင်းဖြင့်လည်းကောင်း၊ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် စင်ကာပူနိုင်ငံအမျိုးသားအသင်းနှင့်လည်းကောင်း အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်ချွန်းမြို့ တိုက်ကွမ်ဒိုအားကစားရုံ၌ ကျင်းပမည့် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အိန္ဒြာအောင်က ၄၉ ကီလိုတန်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိပါက ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နပန်းအားကစားရုံ၌ကျင်းပသည့် နပန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝဏ္ဏထွန်းက ၅၉ ကီလိုတန်းတွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ၌ ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စိတ်နှလုံးဖြူ မေတ္တာတူ လူကုန်ကူးခံရသူ လက်တွဲကူ

# မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်

သတင်းဆောင်းပါး-ညီညီထွန်း
ဓာတ်ပုံ-နေလင်း

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေဖြစ်ပါသည်။ အလားတူ လျှပ်စစ်မီးရရှိရေးသည် ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျလှပါသည်။ ထို့ကြောင့် မြေရိုင်းကို ထွင်၍ မြေယဉ်ဖြစ်အောင် ပုံဖော်ထုဆစ်ရ ပေသည်။ ရေရိုင်းကိုသင်၍ ရေယဉ်ဖြစ်အောင် ထိန်းကျောင်း ပြုပြင်ပေးရသည်။ သဲထဲရေသွန် မဖြစ်အောင်နှင့် မိုးရွာတုန်းရေခံရန် ဆည်တာတမံကြီးများကို တည်ဆောက်ရပါသည်။

မကြာသေးမီ ရက်ပိုင်းအတွင်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာပြည်အလယ်ပိုင်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့သို့လည်း သွားရောက်ခဲ့ပေသည်။ စိုက်ပျိုးရေရရှိရေးအတွက် ကန်၊ ချောင်း၊ ဆည်မြောင်းများ တည်ဆောက်ခဲ့ရပါသည်။ ထိုခေတ်ထိုအခါကပင် ဆည်ရေသွင်းစိုက်ပျိုးနိုင်သဖြင့် မြန်မာပြည်၏ စပါးကျီဟု ထင်ရှားခဲ့ပါသည်။ ရေရပါက ရွှေရသလို ခံစားရသည့် အခြေအနေပင်။

ယခုအခါ စိုက်ပျိုးရေရရှိရေးအတွက် ကြိုးပမ်းလျက်ရှိရာတွင် ဆည်၊ ကန်၊ တာတမံတည်ဆောက်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများ ဖော်ဆောင်ခြင်း၊ မြေအောက်ရေတွင်းများတူးဖော်ခြင်းတို့ ဆောင်ရွက်ရပေသည်။ မြစ်ရေတင်စီမံကိန်းများကြောင့် ဆည်ရေရဘိသကဲ့သို့ လယ်မြေများ အလုပြည့်စေခဲ့ပါသည်။

မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်၌ တည်ဆောက်ထားသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးဆိုလျှင် မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ပေးနိုင်ပြီဖြစ်ရာ ရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ ရေလှောင်တမံတွင် ရေလှောင်ပမာဏအနေဖြင့် (၂၁) သိန်း ဧကပေရှိပါသည်။ ဓာတ်အားပေးစက်ရုံအနေဖြင့် တစ်နှစ်လျှင် ၃၅၅၀ ကီလိုဝပ်နာရီသန်း ထုတ်လုပ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့၏အနောက်ဘက် ၁၂ မိုင်ခန့်အကွာ သဖန်းဆိပ်ရွာအနီး မူးမြစ်ပေါ်တွင် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ထားပါသည်။ သဖန်းဆိပ်ရေလှောင်တမံစီမံကိန်းကို ကုလသမဂ္ဂအစီအစဉ်ဖြင့် အီတလီနိုင်ငံ အီတာကွန်ဆပ်ကုမ္ပဏီက စတင်စူးစမ်းလေ့လာခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နေရလျက်ရှိပေသည်။

ဤ သဖန်းဆိပ်ရေလှောင်တမံစီမံကိန်းကြီးကို တည်ဆောက်နိုင်ခဲ့ခြင်းမှာ နှစ်ပေါင်းလေးဆယ်ကျော်ကြာခဲ့သည့် အိပ်မက်တစ်ခုကို လက်တွေ့ရုပ်လုံးပေါ်အောင် အကောင်အထည်ဖော်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ ဒေသခံတောင်သူလယ်သမားများအနေဖြင့် တစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ ကူးပြောင်းရောက်ရှိပြီး လူမှုဘဝတဖြည်းဖြည်းမြင့်မားလာပြီဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆည်တာတမံစုစုပေါင်း ၃၈ ခုရှိပြီး အကျိုးပြုဧကအနေဖြင့် ၅၈၇၉၂၈ ဧကရှိပါသည်။ သဖန်းဆိပ်ရေလှောင်တမံအနေဖြင့် လယ်မြေ ၄၉၁၆၈၇ ဧကသို့ အကျိုးပြုပေးနိုင်ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့အထိ စာရင်းအရ မိုးစပါးစိုက်ပျိုးမှုမှာ ၄၈၆၇၁၀ ဧကဖြစ်ကြောင်း သိရှိရပါသည်။



ရဲရွာရေလှောင်တမံကို တွေ့ရစဉ်။

သဖန်းဆိပ် ရေလှောင်တမံမှ ဆည်ရေသောက် မိုးစပါးစိုက်ပျိုးနိုင်မှု ဧက ၃၆၉၃၈၀ နှင့် နွေစပါးစိုက်ပျိုးနိုင်မှု ဧက ၄၈၀၀၀၀ ရှိပြီး ကုန်ထုတ်သီးနှံများဖြစ်သည့် နှမ်း၊ ပဲတီစိမ်း၊ အခြားပဲအမျိုးမျိုးစိုက်ပျိုးနိုင်မှုအနေဖြင့် ဧကတစ်သိန်းကျော်ရှိကြောင်း သိရှိရပါသည်။

သဖန်းဆိပ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစား၊ တမံအမြင့် ၁၀၈ပေ၊ တမံအလျား ၂၂၅၈၇ ပေ (လေးမိုင်ကျော်) ရှည်လျားပြီး မြန်မာနိုင်ငံ၏အကြီးဆုံး၊ အရှေ့တောင်အာရှ၌ တမံအလျား အရှည်လျားဆုံးဆည်တမံကြီးဖြစ်ပါသည်။ ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်နှင့် အရာတော်မြို့နယ်များရှိ စိုက်ပျိုးမြေဧကငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး သီးနှံများဖြင့် စိမ်းလန်းနေစေရန် စိုက်ပျိုးရေပေးဝေလျက်ရှိပါသည်။ ထို့ကြောင့် ဆည်ရေဝသည်ထက်ဝ၍ လယ်မြေလှသည်ထက်လှလာသော အထက်မြန်မာပြည်၏ စပါးကျီ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြေကြီးမှ ရွှေသီးပေးနေပုံကို တွေ့မြင်



သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ထုတ်ဖော်အသုံးပြုရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခဲ့သကဲ့သို့ ရေအားလျှပ်စစ် ထုတ်လုပ်ရေးကဏ္ဍကိုလည်း စူးစမ်းလေ့လာဆောင်ရွက်လျက်ရှိပါသည်။ ၎င်း ကဏ္ဍနှစ်မျိုးစလုံးအတွက် အကောင်အထည်ဖော်ရန် သင့်လျော်သော စီမံကိန်းတစ်ခုမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဇော်ဂျီမြစ်ပေါ်တွင် တည်ရှိသည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းပင် ဖြစ်ပါသည်။

အဆိုပါစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြီးစီးအောင် တည်ဆောက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့အထိ ၈၁ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါသည်။ စီမံကိန်းပြီးစီးပါက နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၁၃၅ ဒသမ ၇ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လွှတ်ပေးနိုင်မည် ဖြစ်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်ဧရိယာ ဧက ၈၂၀၀၀ ကို ရေပိုမိုပေးဝေနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် ပူပြင်းခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်အတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကာ ဒေသတွင်း စိမ်းလန်းစိုပြည်လာစေမည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်နေ့တို့တွင် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ရဲရွာရေအား လျှပ်စစ်စီမံကိန်းနှင့် သဖန်းဆိပ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့သို့ လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာများ စစ်ဆေးခဲ့ပါသည်။

အဆိုပါခရီးစဉ်အတွင်း မြို့ကြီးရေလှောင်တမံစီမံကိန်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတက ဆည်တမံ တည်ဆောက်ရေးလုပ်ငန်းနှင့်အတူ ရေရရှိရေးအတွက် မြောင်းတူးဖော်မှုလုပ်ငန်းကိုလည်း တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုလည်း တစ်ချိန်တည်း ထုတ်ယူရရှိနိုင်ရေး ဆောင်ရွက်သွားရန်၊ ရေမြောင်းများကို ကွန်ကရစ်ရေမြောင်းပြုလုပ်ပြီး ရေမြောင်းတစ်လျှောက်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိနိုင်ရေး ဆောင်ရွက်သွားရန်၊ ရေမြောင်းများမှ ရေသောက်ဧရိယာရှိ စိုက်ပျိုးမြေများအား ထိရောက်အကျိုးရှိအောင် ဆောင်ရွက်ပေးရန်၊ ပြောင်းရွှေ့ရသည့် ရွာနှစ်ရွာအတွက် လျော်ကြေး၊ နစ်နာကြေးများ သတ်မှတ်နှုန်းထားအတိုင်း ပေးရန်နှင့် သောက်သုံးရေ၊ စိုက်ပျိုးရေ၊ စိုက်ပျိုးမြေနှင့် လျှပ်စစ်မီးရရှိရေးတို့ကိုလည်း ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်ကို ကြားသိရပါသည်။

အလားတူ ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စီမံကိန်းဧရိယာအတွင်း လုံခြုံရေး အထူးသတိပြုဆောင်ရွက်ရေးနှင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့ပါသည်။

ထို့အပြင်သဖန်းဆိပ်ရေလှောင်တမံနှင့်ပတ်သက်၍ ဆည်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေဝေရေလဲ ဧရိယာများတွင် သစ်ပင်သစ်တောများ ထိန်းသိမ်းထားရှိရေး၊ ဆည်ရေများကို အကျိုးရှိအောင် ပြန်လည်အသုံးပြုနိုင်ရေး၊ လျှပ်စစ်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေပေးဝေမှုတို့အတွက် စနစ်တကျစီမံဆောင်ရွက်သွားရေး၊ မိုးစပါးအပြင် အခြားတွက်ခြေကိုက်သည့် သီးနှံများ စိုက်ပျိုးသွားကြရေးတို့ကို မှာကြားခဲ့ပါသည်။

အချုပ်ဆိုရသော် မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်ဆိုသည့်အတိုင်း လိုအပ်သည့်ဒေသ၊ ဖြစ်နိုင်သမျှနေရာတိုင်းတွင် ဆည်တမံများ တည်ဆောက်ထားပြီးဖြစ်ပါသည်။ ဆည်မြောင်းလက်တံမရောက်နိုင်သော စိုက်ပျိုးမြေများအတွက် ချောင်းမြောင်းတမံပိတ်၊ စက်ရေတွင်း၊ လက်ရိုက်တွင်းတူးဖော်မှုများဖြင့် စိုက်ပျိုးရေစုစည်းပေးခဲ့ပါသည်။ ထို့မျှမက မြစ်ရေ၊ ချောင်းရေကို အလဟဿ မဖြစ်စေဘဲ မြစ်ရေတင်လုပ်ငန်းများဖြင့် နိုင်ငံအကျိုးပြု အင်အားစုများဖြစ်အောင် ဖော်ဆောင်ခဲ့ပါသည်။ သို့ဖြစ်ရာ ယခင်ကဒေသဆန်မဖူလုံသော တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသည်မှာ နောင်တွင်ဖြစ်ပေါ်လာမည့် လူဦးရေ၏ စားဝတ်နေရေးဘဝ မတောင့်မတ၊ မကြောင့်မကြရလေအောင် နိုင်ငံတော်က ကြိုတင်မျှော်တွေး ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ပါတော့သည်။

ထိုခရီးစဉ်အတွင်း ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အလယ်ပိုင်း ဒေသသည် ပူပြင်းခြောက်သွေ့ကာ ရေရှားပါးသည့်အတွက် မိုးရာသီတွင်ပင် စိုက်ပျိုးရေအလုံအလောက် မရရှိပေ။ မိုးနည်းရပ်ဝန်းဒေသဖြစ်၍ ရှေးမြန်မာမင်းများ လက်ထက်ကပင် ပြည်သူများ လျှပ်စစ်ဓာတ်အား တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ဦးစားပေးဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ဗြိတိသျှကုမ္ပဏီတစ်ခုက ၁၉၂၄ ခုနှစ်တွင် စတင်လေ့လာတွေ့ရှိခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ဂျပန်နိုင်ငံကုမ္ပဏီတစ်ခုနှင့် ထပ်မံပူးပေါင်းလေ့လာခဲ့ပါသည်။ ရဲရွာ

**မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်ဆိုသည့်အတိုင်း လိုအပ်သည့်ဒေသ၊ ဖြစ်နိုင်သမျှနေရာတိုင်းတွင် ဆည်တမံများ တည်ဆောက်ထားပြီးဖြစ်။**

**မြစ်ရေ၊ ချောင်းရေကို အလဟဿ မဖြစ်စေဘဲ မြစ်ရေတင် လုပ်ငန်းများဖြင့် နိုင်ငံအကျိုးပြု အင်အားစုများဖြစ်အောင် ဖော်ဆောင်ခဲ့**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိမည်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားပျော့နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၈၁ လက်မနှင့် လောင်းလုံမြို့တွင် ၁ ဒသမ ၄၂ လက်မတို့ဖြစ်ကြပါသည်။ (မိုး/ဇလ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကုန်စည်စီးဆင်းမှု မြန်ဆန်လာသည့် ရန်ကုန်ဆိပ်ကမ်း



သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-မင်းသစ်

နိုင်ငံ၏စီးပွားရေးစနစ်ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကုန်သွယ်မှု လုပ်ငန်းတွင်လည်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလုပ်ငန်းသည် တစ်နှစ်ထက် တစ်နှစ်ကြီးထွားလာသည်။ ထိုနည်းတူ ဆိပ်ကမ်းလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွင် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပို့ကုန် သွင်းကုန် ပမာဏတန်ချိန် ကိုးသန်းရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တန်ချိန် ၂၄ သန်းကျော်ရှိခဲ့သည်။ ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ်ရေကြောင်းမှ နိုင်ငံတကာသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်မှုမှာလည်း ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၉၇၁ စင်းရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂၃၃၄ စင်းအထိ နှစ်ဆခွဲခန့်တိုးတက်များပြားလာသည်ကို တွေ့ရသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ပင်လယ်ဝမှ ရန်ကုန်မြစ်အတွင်း တန်ချိန် နှစ်သောင်းကျော်သင်္ဘောကြီးများနှင့် အပျော်စီးခရီးသည်တင်သင်္ဘောကြီးများ အန္တရာယ်ကင်းစွာ ဝင်ထွက်သွားလာနိုင်ရန် ယခင်ရှိပြီး ရေယာဉ်များအပြင် စက်စွမ်းအားမြင့် ပင်လယ်သွားတွန်းဆွဲရေယာဉ်များ၊ ဆိပ်ကမ်းသုံးရေယာဉ်များနှင့် မြစ်အတွင်း အမှိုက်သရိုက်များ ဆယ်ယူရန် အမှိုက်သိမ်းရေယာဉ်များကို အသစ်ဝယ်ယူပြီး ဆိပ်ကမ်းလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

"ကမ္ဘာပေါ်မှာ ဝန်ဆောင်မှုလုပ်ငန်းတွေက နိုင်ငံရဲ့ဝင်ငွေကို အများဆုံးရှာဖွေပေးတဲ့ လုပ်ငန်းတွေပါ။ ဆိပ်ကမ်းတို့၊ လေဆိပ်တို့ သယ်ယူပို့ဆောင်ရေးတို့ပေါ့။ ဒီလုပ်ငန်းတွေက နိုင်ငံ့ရဲ့ဝင်ငွေကို အဓိကရှာပေးတဲ့ လုပ်ငန်းတွေဖြစ်လာတယ်။ ရန်ကုန်မြစ်ထဲကိုလည်း နှစ်စဉ်နှစ်စဉ်သင်္ဘောကြီးတွေ ဝင်ထွက်လာတာ များလာတယ်။ တန်ချိန်ကြီးတဲ့ သင်္ဘောကြီးတွေက ဒီအတိုင်း မောင်းဝင်လို့မရဘူး။ ဆိပ်ခံ တံတားတွေမှာကပ်ဖို့ ဆွဲတွန်း၊ ပို့တွန်းလုပ်ဖို့ တွန်းဆွဲရေယာဉ်တွေလိုပါတယ်။ သင်္ဘောကြီးတွေကို တွန်းတဲ့ဆွဲတဲ့အခါမှာလည်း သင်္ဘောပိုင်ရှင်တွေက စွမ်းအားကောင်းတဲ့ တွန်းဆွဲရေယာဉ်တွေလိုချင်တယ်။ ဒါမှ သူတို့သင်္ဘောတွေ ဘေးအန္တရာယ်ကင်းကင်း ဝင်ထွက်ဆိုက်ကပ်နိုင်မှာဖြစ်ပါတယ်။ အခုအသစ်ရောက်လာတဲ့ တွန်းဆွဲရေယာဉ်က အင်အားကောင်းတဲ့ ရေယာဉ်ဖြစ်ပါတယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာနမှူးချုပ် ဦးအောင်ကျော်ထူးက ပြောသည်။

ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် အတွက်လည်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ရန်ကုန်ဆိပ်ကမ်း တစ်လျှောက် တည်ဆောက်ပြီး ဆိပ်ခံတံတား ၁၉ စင်း၊ တည်ဆောက်ဆဲဆိပ်ခံတံတား ခြောက်စင်း၊ တည်ဆောက်ရန် လျာထားသည့် ဆိပ်ခံတံတားခုနစ်စင်းရှိသည်။ အဆိုပါဆိပ်ခံတံတားအားလုံး တည်ဆောက်ပြီးသွားပါက သင်္ဘော ၃၂ စင်းတစ်ပြိုင်နက်တည်း ဆိုက်ကပ်နိုင်မည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရန်ကုန်မြစ်ကမ်းနားတစ်လျှောက် သာယာလှပစေရန်အတွက်လည်း မြစ်အတွင်းမျောပါနေသည့် အမှိုက်နှင့်ဗိုက်များကို အမှိုက်ဆယ်ရေယာဉ်နှစ်စင်းဖြင့် ဆယ်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ရန်ကုန်မြစ်အတွင်းမှာ ဘယ်လိုပဲ စည်းကမ်းတွေသတ်မှတ်ပေမယ့်၊ အမှိုက်မပစ်ရဘူးလို့လုပ်ထားပေမယ့် အမှိုက်တွေကမျောပါနေတာတွေ့ရပါတယ်။ အမှိုက်တင်မကဘူး၊ ဗိုက်တွေလည်းမျောပါနေတယ်။ ဒီမှာရှိတဲ့ အမှိုက်သိမ်းရေယာဉ်နဲ့ ဆယ်သွားမယ်။ သန့်ရှင်းရေးလုပ်မယ်ဆိုရင် ရန်ကုန်မြစ်ကြောင်းက သန့်ရှင်းသွားမယ်။ ရေလမ်းကြောင်းမှာလည်း သန့်ရှင်းသာယာသွားမယ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာလည်း ရောက်မယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးနီအောင်က ပြောသည်။

ပန်းဆိုးတန်း-ဒလ ဆိပ်ခံဇောတံတားကို ပြည်သူ ၃၀၀၀၀ ကျော်က နေ့စဉ် အသုံးပြုသော ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်နှင့် ဆိပ်ကမ်းသာယာလှပစေရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပန်းဆိုးတန်း-ဒလကူးတို့ အတက်၊ အဆင်းခေတ်မီဆိပ်ခံဇောတံတား နှစ်စင်း၊ အဆင့်မြင့်ခရီးသည် နားနေဆောင်နှင့် နောက်ခံမြေပေါ်တွင် ခေတ်မီစီးပွားရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ကို ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန်နှင့် သာယာလှပစေရန်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ရန်ကုန်မြစ်ကမ်းတစ်လျှောက် ဆိပ်ခံတံတားကြီးများ တည်ဆောက်နေပြီး ရန်ကုန်မြစ်အတွင်း ပင်လယ်ကူးသင်္ဘောကြီးများ အန္တရာယ်ကင်းစွာသွားလာနိုင်ရန်နှင့် မြစ်ကြောင်းတစ်လျှောက် အမှိုက်သရိုက်ကင်းစင်စေရန် အမှိုက်သိမ်းရေယာဉ်ဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်လျက်ရှိရာ ပင်လယ်ရေကြောင်း ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်ရာ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်လာမည်ဖြစ်ကြောင်း။



မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ် (၅၀) ပြည့်ရွှေရတုရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်း ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များရှိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၁၀၀ တို့က စက်တင်ဘာ ၂၇ ရက် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ ရဲမှူးချုပ်မြဝင်း လိုက်လံကြည့်ရှုအားပေးစကားပြောကြားစဉ်။ (တိုင်းဒေသကြီးရဲတပ်ဖွဲ့)


MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

## အစုရှယ်ယာများရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်းကိစ္စများ ဆောင်ရွက်ရန် Over-The-Counter (OTC) အစီအစဉ် ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် အနေဖြင့်ကုမ္ပဏီ၏အစုရှယ်ယာများကို ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် လွှဲပြောင်းခြင်းကိစ္စများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် Over-The-Counter(OTC) အစီအစဉ်ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် (ဗုဒ္ဓဟူးနေ့)မှစတင်၍ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၂၉)၊ UMFCCI Tower၊ အခန်းနံပါတ် (၁၁၀၃)၊ ၁၁ လွှာရှိမြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် ရုံးခန်း၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အစုရှယ်ယာများ လွှဲပြောင်းရာတွင် ဆောင်ရွက်ရမည့် သိသင့်သိထိုက်သည့် အချက်အလက်များကို ကုမ္ပဏီ၏ Website ဖြစ်သည့် www.mtshmyanmar.com တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

# မြန်မာ့စီးပွားရေးဘဏ် ငွေလွှဲကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်၍ ပြည်သူ့ဝန်ဆောင်မှုတိုးမြှင့်ပေး

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာ့စီးပွားရေးဘဏ် သိမ်ကြီးဈေးငွေလွှဲကိုယ်စားလှယ်ရုံးခွဲအသစ် ဖွင့်လှစ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီက အဆိုပါရုံးခွဲတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး(ဂ)ရုံ မြေညီထပ် အခန်းအမှတ်(၂၂) ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာ ဦးလှမြင့်အောင်နှင့် ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာ ဦးဝင်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

သိမ်ကြီးဈေးငွေလွှဲကိုယ်စားလှယ်ရုံးခွဲတွင် အောက်တိုဘာ ၂ ရက်မှစတင်၍ ဘဏ်လုပ်ငန်းချိန်အတွင်း ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးမည်ဖြစ်၍ ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေးအနီးတစ်ဝိုက်ရှိ မိဘပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြန်မာ့စီးပွားရေးဘဏ်ပေါင်း ၂၇၂ ဘဏ်မှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ ငွေလွှဲပို့ခြင်း၊ လွှဲပို့ငွေထုတ်ယူခြင်းတို့ကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ **မြန်မာ့စီးပွားရေးဘဏ်**



## စပါးမျိုးသန့်ပွားများရေး မျိုးကွဲနုတ်ပယ်ခြင်း ဆောင်ရွက်

**မင်းလှ စက်တင်ဘာ ၂၉**

မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ စပါးမျိုးသန့်ပွားများရေးအတွက် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်း ကွင်းဆင်းလက်တွေ့သရုပ်ပြခြင်းကို မျိုးသန့်စံပြရွာ ဆင်းသုခ ဧက ၁၀၀ စိုက်ပျိုးထားသည့် အုတ်တွင်းအုပ်စု ရှမ်းတောကျေးရွာ တောင်သူဦးမြင့်ဦး၏ ကွင်းအမှတ် ၉၃၅ တွင် စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ သာယာဝတီခရိုင်ဦးစီးမှူးက ပညာပေးဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့ဆောင်ရွက်ပြသခဲ့ကြကြောင်း သိရသည်။ **ပေါက်စ(iprd)**

# လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူမှုန့်များဖမ်းဆီးရမိ

**တာချီလိတ် စက်တင်ဘာ ၂၉**

စက်တင်ဘာ ၂၈ ရက် ည ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ် ကျော်နိုင်မိုးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေ ဦးသိန်းဇော်၊ ဦးညီညီနိုင်တို့နှင့်အတူ တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆင်ရေးစခန်းအနီး ချောင်းကူးတံတားတွင် အဒီးရွာဘက်မှ တာချီလိတ်ဘက်သို့ ရဲသူရိယဦး မောင်းနှင်ပြီး ရဲဇော်သိန်း လိုက်ပါလာသည့် Honda Click အမျိုးအစား နက်/ ပြာကျားရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ဆိုင်ကယ်၏နောက်တွင် စီးနင်းလိုက်ပါလာသူ ရဲဇော်သိန်း၏လက်တွင် ဆုပ်ကိုင်ထားသည့် အဖြူရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ ဖန်ပုလင်းငယ်ဖြင့်ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၈၅ ပြား၊ အလေးချိန် ၈ ဒသမ ၅ ဂရမ်ခန့်နှင့် အဖြူရောင်ကော်ဘူးငယ်ဖြင့်ထည့်လျက် တစ်ဘူးလျှင် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၀ ဒသမ ၈ ဂရမ်ခန့်စီပါ ခြောက်ဘူး စုစုပေါင်း ဘိန်းဖြူအလေးချိန် ၄ ဒသမ ၈ ဂရမ်ခန့်တို့ကို တွေ့ရှိရသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှ မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်တွေ့ရှိရသော ရဲဇော် (ခ) ရဲဇော်သိန်း (၃၀ နှစ်)ကျောက်တောင်ရွာ ပုန်းထွန်ရပ်ကွက် တာချီလိတ်မြို့နေသူနှင့် ရဲသူရိယဦး(ခ)ကိုရဲ (၃၃ နှစ်)၊ ကျောက်တောင်ရွာ ပုန်းထွန်ရပ်ကွက် တာချီလိတ်မြို့နေသူတို့နှစ်ဦးကို တာချီလိတ်မြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **လ-၀၁၅**

# ကွမ်းလုံတွင် မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်ရေးဆောင်ရွက်

**ကွမ်းလုံ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့တွင် မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် မြို့မသုသာန်(ဘာသာပေါင်းစုံ)မြေနေရာ တိုးချဲ့သတ်မှတ်အသုံးပြုနိုင်ရန် စည်ပင်သာယာရေးဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ်တကျမြှုပ်နှံသဂြိုဟ်နိုင်ရန် အစဉ်အဆက်အသုံးပြုလာသည့် သုသာန်မြေနေရာအပါအဝင် ဆက်စပ်ဧရိယာများကိုတိုးချဲ့ပြီး တရားဝင်မြေဂရန်ရရှိ အသုံးပြုရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖူကြာမုန်းတို့ ဦးဆောင်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီတို့မှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စက်တင်ဘာ ၂၂ ရက်နှင့် ၂၇ ရက်တို့တွင် ကွင်းဆင်းလေ့လာခဲ့ကြသည်။

မြေစာရင်းမြေပုံ ရေးဆွဲခြင်း၊ သုသာန်မြေဂရန်ရရှိရေးတို့ကို သက်ဆိုင်ရာဌာနများက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့ ကြိုဆိုဂုဏ်ပြု

**နေပြည်တော်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀)ပြည့်ရွှေရတုရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် အမှတ်(၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ထိန်ဝင်းဦးစီး ရဲတပ် ဖွဲ့ဝင် ၁၀၀ ဖြင့် စက်တင်ဘာ ၂၄ ရက်က နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးညွန့်**

**ရန်ကုန်**

စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက ကြည့်မြင် တိုင် အလက(၄) တွင် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မူခင်းအသိပညာ ပေးဟောပြောပွဲကျင်းပရာ ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသင်က ဟောပြောကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ပြွန်တန်ဆာ**

ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့ရဲတပ်ဖွဲ့မှ စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ပြွန်တန်ဆာမြို့ တိုက်နယ်ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ **မင်းမင်းလတ်(ရူပဗေဒ)**

**ကျောက်တံခါး**

စက်တင်ဘာ ၂၈ ရက် နံနက် ၆ နာရီခွဲက ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် ဒဂုံရွှေမန်းလမ်းရှိ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြု စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

**ပြင်ဦးလွင်**

ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းနိုင်ဦး ဦးစီး၍ ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းနှင့် ရုံး၊ ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ မျက်မမြင်ပရဟိတကျောင်း၌ ချုံနွယ်များရှင်းလင်းခြင်း ပြည်သူ့အကျိုးပြုစုပေါင်းလုပ်အားပေးပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၆ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းထွေး**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စက်တင်ဘာ ၂၆ ရက် နံနက် ၇ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့် ဦးဆောင်၍ မြို့မရဲစခန်းမှူးနှင့်တပ်ဖွဲ့ဝင်များသည် ချုံနွယ်အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ကြသည်။ **(၀၉၈)**

**မူဆယ်**

စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီက မူဆယ်မြို့ နယ်စပ်ကုန်သွယ်ရေးဇုန်လုံခြုံရေးတပ်ခွဲ၊ တပ်ခွဲမှူး ဒုရဲမှူး မြစိန်ဦးစီး၍တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများစုပေါင်း၍ စာသင်ကျောင်းရှေ့မျက်နှာစာရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းကြကြောင်း သိရသည်။ **ရိုးသျှား**







ကြော်ငြာ


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ဘိုးတွားပိုင်မြေတစ်ကေပေါ်တွင် တည်ဆောက်ပေးမည့် အထပ်ပေါင်း (၂၇)ထပ်၊
အခန်းပေါင်း (၃၆၉)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SOMERSET SERVICED RESIDENCE
ပါရှိသော မြန်မာနိုင်ငံ၏ အထင်ကရ အိမ်ရာစီမံကိန်း
ငလျင်ဒဏ်ကိုရစ်ချက်တာစကေး အနည်းဆုံး(၈)ခံနိုင်အောင် တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန်
စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည်ဖြစ်သဖြင့် အလွန်စိတ်ချရသောရင်းနှီးမြှုပ်နှံမှု
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
1st Prize
2nd Prize
3rd Prize
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ခုနှစ်
ဖေဖော်ဝါရီလ (၁၂)ရက်နေ့
(၂၉)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA (3)ကာရက်ရှိ စိန်လက်စွပ်တစ်ကွင်း
ROOM TYPES SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1260 - 1380 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4350 - 5400 Sqft
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,
YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

# ဂုဏ်ပြုအပ်သော နှစ်(၅၀) သမိုင်းကြောင်းနှင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်

စိုးတင့်(ဇလွန်)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သည် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာအနီး၌တည်ရှိပြီး စစ်ကိုင်းမြို့နှင့် ၂၂ မိုင် ကွာဝေးသည်။ တက္ကသိုလ်၏တည်နေရာသည် နိုင်ငံတော်၏ အလယ်ဗဟိုဟုဆိုအပ်သော နေရာတွင်တည်ရှိနေခြင်းကလည်း တစ်မူထူးခြား၏။ နိုင်ငံတော်၏ နှလုံးသည်းပွတ်နေရာတွင်တည်ရှိသလို နိုင်ငံတော်အတွက် အားထားရသော တိုင်းရင်းသားလူငယ်များကို စုစည်းလေ့ကျင့်ပျိုးထောင်ပေးနေသော ဘုမိနက်သန်တက္ကသိုလ်တစ်ခုလည်းဖြစ်သည်။

တစ်နည်းအားဖြင့် ပြည်ထောင်စုပန်းများ ပွင့်လန်းဝေဆာနေသော ပန်းဥယျာဉ်ကြီးတစ်ခုနှင့်လည်း အလားသဏ္ဌာန်တူ၏။ ယနေ့အခြေအနေအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မြဲရေးသည် နိုင်ငံတော်အတွက် မရှိမဖြစ်အရေးကြီးလှပေသည်။ ထိုတာဝန်ကို လက်တွေ့ကျကျတည်ဆောက်နေသော နေရာတစ်ခုကို ညွှန်ပြပါဆိုလျှင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို စံနမူနာပြရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ ပြည်ထောင်စုတိုင်းရင်းသားများ စုစည်းရာ ပြည်ထောင်စုငယ်လေးတစ်ခုဟု ဆိုအပ်၏။ တိုင်းရင်းသား လူမျိုးစုအရေးကို အလေးထား မြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာမှ ဤတက္ကသိုလ်ကို အုတ်မြစ်ချခဲ့ခြင်းဖြစ်၏။

ယခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ဆိုလျှင် နှစ် (၅၀) ပြည့်ရွှေရတုသို့ ရောက်ရှိပြီဖြစ်သည်။ ဤတက္ကသိုလ်၏ နှစ်(၅၀)ခရီးသမိုင်းကြောင်းသည် ထူးခြားလေးနက်၏။ တန်ဖိုးရှိလှ၏။ ပြည်ထောင်စုကြီး၏အလှတရားကို ပုံဖော်ပေးနေသော တက္ကသိုလ်၏သမိုင်းပုံရိပ်သည် အလွန်မွန်မြတ်လှပါသည်။ ထိုသမိုင်းကြောင်းကို ဖော်ပြလိုပါသည်။

**တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံဖြစ်ပေါ်လာပုံ**

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ ဖွင့်လှစ်ရာမှ စတင်ဖြစ်တည်ခဲ့သည်။ ထို့ကြောင့်ဖွံ့ဖြိုးရေးသိပ္ပံသည် တက္ကသိုလ်၏ မူလဇာစ်မြစ်ဖြစ်သည်။ ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား၌ တိုင်းရင်းသားလူမျိုးများအရေးနှင့်စပ်လျဉ်း၍ တော်လှန်ရေးကောင်စီ၏အမြင်နှင့် ခံယူချက်ကိုလည်းကောင်း၊ ချမှတ်ပေးသော တာဝန်နှစ်ရပ်ကိုလည်းကောင်း ကြေညာခဲ့သည်။ ယင်းသို့ကြေညာလိုက်သောအခါ ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသားခေါင်းဆောင်များကလည်း မိမိတို့အလိုဆန္ဒအသီးသီးကို တင်ပြကြသည်။ ထိုကြေညာချက်အပေါ် တိုင်းရင်းသားကိုယ်စားလှယ်ကြီးများက အကျေအလည် ဆွေးနွေးညှိနှိုင်း အတည်ပြုခဲ့သည်။

အဆိုပါ တော်လှန်ရေးကောင်စီ၏ ခံယူချက်ကိုလည်းကောင်း၊ တာဝန်နှင့် လုပ်ဆောင်ခွင့်နှစ်ရပ်ကိုလည်းကောင်း၊ တိုင်းရင်းသားခေါင်းဆောင်များ၏ အလိုဆန္ဒအသီးသီးကိုလည်းကောင်း အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ ပြုနိုင်အောင် ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသော တော်လှန်ရေးကောင်စီ၏ (၆၅)ကြိမ်မြောက် အစည်းအဝေးက ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို တည်ထောင်ဖွင့်လှစ်ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ထိုစဉ်ကတော်လှန်ရေးအစိုးရ ပညာရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီး စည်သူလှဟန်က ဖွင့်လှစ်ပေးခဲ့ပါသည်။

မွန်မြတ်သည့်ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့သည့် ဖွံ့ဖြိုးရေးသိပ္ပံသည် စတင်ဖွင့်လှစ်စဉ်က စစ်ကိုင်းမြို့ အစီခံရပ် (ယခုအခေါ် အေးမြဝတီရပ်)ရှိ တိုင်းမင်းကြီးနှင့် တိုင်းပညာရေးဝန်များ၏နေအိမ်များ၊ ရုံးအဆောက်အအုံများနှင့် ဝင်းခြံများကို ယာယီအသုံးပြုခဲ့သည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီအစိုးရ၊ ပညာရေးဌာန၊ ဌာနစု(၅)၏ ၁၉၆၄ခု၊ ဩဂုတ်လ ၃ ရက်နေ့စွဲပါ စာအမှတ်-၆၄ ညင(ခ)၆၄ ဖြင့် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးတွင် ဖွင့်လှစ်စေခဲ့သည်။ ရွာသစ်ကြီးကျေးရွာ အနီးတွင် မြေဧက ၂၂၉ဒသမ၀၃ ဧက၌ ကျောင်းသား ၆၀၀ဆံ့ အဆောက်အအုံများဆောက်လုပ်ခဲ့ပြီးနောက် ၁၉၆၈ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့မှ ရွာသစ်ကြီး (လက်ရှိနေရာ)သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

**ဖွံ့ဖြိုးရေးသိပ္ပံကာလ**

ဖွံ့ဖြိုးရေးသိပ္ပံ၏ ဆောင်ပုဒ်များမှာ မူလက **"လက်တွဲညီညီ ချီကြစို့"** ဖြစ်သော်လည်း ၁၉၇၅ ခုနှစ်မှစ၍ **"စည်းလုံးညီညီ အောင်ပွဲဆီသို့"** ဟူသော ဆောင်ပုဒ်အသစ် လက်ခံသုံးစွဲခဲ့ရာ ၁၉၉၁ ခုနှစ် တက္ကသိုလ်အဆင့် မတိုးမြှင့်မီအထိ ဖြစ်ပါသည်။ ထို့အပြင် ကြွေးကြော်သံများမှာ **"ခိုင်ခိုင်မြဲမြဲ ဒို့လက်တွဲ မခွဲမိဋ္ဌာန် ရာသက်ပန်"**၊ **"ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးချစ်ကြည် ပြည်သစ်တည်"** တို့ဖြစ်ပါသည်။

ဖော်ပြပါ ဖွံ့ဖြိုးရေးသိပ္ပံ၏ ရည်ရွယ်ချက်များ၊ ဆောင်ပုဒ်များ၊ ကြွေးကြော်သံများကိုကြည့်ခြင်းအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် ရာသက်ပန်တန်ဖိုးထားရမည့် အနှစ်သာရများကို ဖော်ညွှန်းနေကြောင်း တွေ့ရှိရပါသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခြင်း**

အထက်တွင် ဖော်ပြထားသကဲ့သို့ ဖွံ့ဖြိုးရေးသိပ္ပံအား တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ ဖွင့်လှစ်ခဲ့ပြီး ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ**ပြဋ္ဌာန်း၍ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့ပါသည်။ အဆိုပါဥပဒေတွင် ရည်မှန်းချက်(၇)ရပ်၊ တက္ကသိုလ်၏ လုပ်ငန်းစဉ်(၈)ရပ်၊ တက္ကသိုလ်ကောင်စီဖွဲ့စည်းမှု၊ လုပ်ငန်းနှင့်တာဝန်များ၊ တက္ကသိုလ်ကောင်စီက တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များစသည်တို့ကို အသေးစိတ်ပြဋ္ဌာန်း သတ်မှတ်ပေးခဲ့သည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်-

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာနေထိုင်လျက် ပညာရှာမှီးကြရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုရရှိစေရန်၊
(ခ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်းရန်နှင့် နားလည်သဘောပေါက်ရန်၊
(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ စားဝတ်နေရေးအဆင့်အတန်းမြင့်မားစေရန်ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊
(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့်ဦးဆောင်နိုင်မှု စွမ်းရည်မြှင့်တင်ရန်၊
(င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်၊
(စ) ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊
(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ်ရှင်သန်ပွားများစေရန်တို့ဖြစ်ပါသည်။

အထက်ပါရည်မှန်းချက်တာဝန်များကို တက္ကသိုလ်ကောင်စီ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ တက္ကသိုလ်ကို ၂၀-၁၀-၁၉၆၄ ခုနှစ်မှ ၃၁-၁၀-၁၉၈၈ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန၊ ၁-၁၁-၁၉၈၈ ခုနှစ်မှ ၃၁-၃-၂၀၁၂ ခုနှစ်အထိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (ယခုပြည်ထောင်စုရာထူးဝန်အဖွဲ့)၊ ၁-၄-၂၀၁၂ ခုနှစ်မှ ယနေ့အထိ နယ်စပ်ရေးရာဝန်ကြီးဌာနများက အဆင့်ဆင့် စီမံအုပ်ချုပ်ကွပ်ကဲခဲ့ကြပါသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ဆောင်ပုဒ်ကို **"စည်းလုံးခြင်းသည် အင်အား"** ဟုပြင်ဆင်သတ်မှတ်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ရည်ညွှန်း၍ လေ့ကျင့်ပေးလျက်ရှိသည်။

**လေ့ကျင့်ပျိုးထောင်မှုအခြေအနေ**

ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားလူငယ်များကို နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့်ကျခံ၍ ဖွံ့ဖြိုးရေး သိပ္ပံကာလမှ ယနေ့အထိ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအဖြစ် အောက်ပါအတိုင်း လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်-

(က) မဟာပညာရေးဘွဲ့သင်တန်း ၉၃ ဦး
(ခ) မဟာဒဿန(ပညာရေး)ဘွဲ့သင်တန်း ၃၅ ဦး
(ဂ) ပညာရေးဘွဲ့(၁)နှစ်သင်တန်း ၁၀၅၀ ဦး
(ဃ) ပညာရေးဘွဲ့ပေါင်းကူး(၂)နှစ်သင်တန်း ၄၄၃ ဦး
(င) ပညာရေးဘွဲ့(၄)နှစ်သင်တန်း ၁၉၆၁ ဦး
(စ) ဆရာအတတ်ပညာဒီပလိုမာသင်တန်း ၆၃၅ ဦး
(ဆ) အလယ်တန်းဆရာအတတ်သင်တန်း ၉၅၆ ဦး
(ဇ) မူလတန်းဆရာအတတ်သင်တန်း ၆၈၅၉ ဦး
(ဈ) အထူးမူလတန်းဆရာအတတ်သင်တန်း ၄၆၁ ဦး
(ည) စုစုပေါင်း ၁၂၄၉၃ ဦး

ယနေ့လက်ရှိအချိန်တွင် ဖွံ့ဖြိုးရေးတက္ကသိုလ်၌ အောက်ပါအတိုင်း လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်-

(က) ပညာရေးဘွဲ့(၅)နှစ်သင်တန်း (ပထမနှစ်) ၁၉၂ ဦး
(ခ) ပညာရေးဘွဲ့(၅)နှစ်သင်တန်း(ဒုတိယနှစ်) ၂၂၇ ဦး
(ဂ) မူလတန်းဆရာအတတ်(၃)နှစ်သင်တန်း(ပထမနှစ်) ၁၀၇ ဦး
(ဃ) မူလတန်းဆရာအတတ်(၃)နှစ်သင်တန်း(ဒုတိယနှစ်)၁၉၈ ဦး
(င) စုစုပေါင်း ၇၂၄ ဦး

ဖော်ပြပါ သင်တန်းသား ၇၂၄ဦးတို့သည် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလူမျိုးစု ၅၆ မျိုးကို ကိုယ်စားပြုသော တိုင်းရင်းသားလူငယ်မောင်မယ်များဖြစ်ကြသည်။ တက္ကသိုလ်တွင် ညီရင်းအစ်ကိုမောင်နှမများကဲ့သို့ တစုတစည်းနေထိုင်ကြပြီး ချစ်ကြည်ရင်းနှီးစွာဖြင့် လေ့ကျင့်သင်ကြားမှုများကို ကြိုးစားသင်ယူလျက်ရှိကြသည်။

တက္ကသိုလ်၏ ရည်ရွယ်ချက်များပြည့်ဝအောင်မြင်စေရန်အတွက် သင်ကြားလေ့ကျင့်မှုအစီအစဉ်များကလည်း အခြားတက္ကသိုလ်များနှင့်မတူဘဲ ထူးခြားစုံလင်လှသည်။ ဘက်စုံပညာရေးစနစ်ဖြစ်သည်။ သင်ကြားပို့ချသည့် ဘာသာရပ်များအနေဖြင့်-

(က) စာပေဘာသာရပ်များ၊
(ခ) ဆရာအတတ်ပညာဘာသာရပ်များ၊
(ဂ) ဖွံ့ဖြိုးရေးဘာသာရပ်များနှင့်
(ဃ) အထူးဖွံ့ဖြိုးရေးဘာသာရပ်များဟူ၍ ကဏ္ဍ(၄)ရပ်ခွဲခြား လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ဖွံ့ဖြိုးရေးဘာသာရပ်များမှာ ကာယ၊ ပန်းချီ၊ ဂီတအနုပညာ၊ အိမ်တွင်းမှု၊ စက်မှုလက်မှု၊ စိုက်ပျိုးရေးတို့ ပါဝင်ပါသည်။

*စာမျက်နှာ ၁၆ သို့*

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ကျိုက်လတ်မြို့နယ်တရားရုံး**

ဦးစန်း နှင့် ၁။ ဦးဖြူဝင်း
၂။ ဒေါ်တင်မိုးခိုင်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကန်တော်ကြီး၊ မြေပဒေသာကျွန်း၊ စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်း ဆိုင်အမှတ်(R-1,R-2)နေ (၁) တရားပြိုင် ဦးဖြူဝင်း၊ (၂) တရားပြိုင် ဒေါ်တင်မိုးခိုင် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ချေးငွေ ၇၇၀၀၀၀၀ိ/- ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် အောက်တိုဘာ ၂၂ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဌေးအောင်**
**မြို့နယ်တရားသူကြီး**
**ကျိုက်လတ်မြို့နယ်တရားရုံး**

**အမည်မှန်**

ဦးကျော်စွာထွန်း၏သား ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၃၊ အခြေခံပညာမူလတန်းကျောင်း ဒုတိယတန်းမှ မောင်ဖုန်းခန့်ပိုင်၏အမည်မှန်မှာ မောင်ဘုန်းခန့်ပိုင် ဖြစ်ပါသည်။

## ကားရောင်းရန်ရှိသည်

1. Mercedes Benz B Class (B 180) 2012 ညာမောင်းငွေမင်ရောင် 2000km (410 L)
2. Honda Stream 2009 ခုနှစ်ယောက်စီး 1800c.c 50000km (230 L) RSZ Grade
3. Honda Stream 2009 ခုနှစ်ယောက်စီး 1800c.c 75000km (210 L)

**ဖုန်း-၀၉-၇၃၂၀၁၇၈၄**

## အများသိစေရန်ကြေညာခြင်း

ဒေါ်ကြည်ကြည်သိန်း(ခ)ဆက်လစီး TKA-117671 (ဘ) ဦးသိန်းမောင်သည် ခင်ပွန်းဖြစ်သူ ဦးပတ်မာနာသန်း(ခ)ဦးအောင်မင်းနှင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်နေအိမ်တွင် ပေါင်းသင်းနေရာမှ ၂၈-၇-၂၀၁၄ရက်တွင် ရွှေငွေပစ္စည်းများယူဆောင်ကာ နေအိမ်မှ တိတ်တဆိတ်ထွက်ခွာသွားပါသည်။ ဒေါ်ကြည်ကြည်သိန်း(ခ)ဆက်လစီးအား တွေ့ရှိသူများ သတင်းပေးကြပါရန်နှင့် ဖြားယောင်းသွေးဆောင်ခေါ်ယူလက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။ ၄င်းတို့လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်သော-

(၁) ဘုရင့်နောင်ဈေး၊ ရုံအမှတ် ခ-၄၆၊ ဆိုင်ခန်းအမှတ် ၉
(၂) ဘုရင့်နောင်ဈေး၊ ရုံအမှတ် ခ-၃၊ ဆိုင်ခန်းအမှတ် ၅
(၃) သာကေတမြို့နယ်၊ အနောက်(၁)ရပ်ကွက်၊ ထူပါရုံ ၉ လမ်း၊ အမှတ် ၉၃၅(က/ခ)ဟုခေါ်တွင်သောမြေနှင့် မြေကွက်ပေါ်ရှိ အိမ်နှစ်လုံးတို့အား ဦးပတ်မာနာသန်း(ခ)ဦးအောင်မင်း၏ သဘောတူညီမှုမရှိဘဲ မည်သူမျှလွှဲပြောင်းရောင်းချခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဦးပတ်မာနာသန်း(ခ)ဦးအောင်မင်း**
**ဖုန်း-၀၉-၇၃၀၇၂၈၈၉**

**ညွှန်ကြားချက်အရ-**
**ဦးအေးကြည် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၆၃)**
**အမှတ် ၃၅၀၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၁၁၂၅၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၁၀၇၆၊ မြေကွက်တည်နေရာ ၃၂/၁၀၇၆၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် [ဒေါ်လှလှမူ (အိုင် ၀၄၉၆၂၆)] အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှလှမူ(တရားရုံး)ကိုယ်စား ဘိလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉က တရားမကြီးမှု ၂၆ (၁၂-၈-၂၀၁၃)/ဇာရီမှု ၉/၂၀၁၃ တို့ကိုတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံလျှောက်ထားရန် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ဂ)၊ ၊ မြေကွက်အမှတ် ၁၀၁/က၊ မြေကွက်တည်နေရာအမှတ် ၁၀၁/က၊ ငစိန်လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်(ဦးညွန့်စိန်) အမည်ပေါက်နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးညွန့်စိန် ၁၂/အစန(နိုင်)၀၃၃၁၄၉ နှင့် ဇနီး ဒေါ်ခင်မြင့်တို့ ကွယ်လွန်သဖြင့် သမီး ဒေါ်ညွန့်ညွန့်ထွေး ၁၂/အစန(နိုင်)၀၆၈၆၇၂က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းမိတ္တူများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားနှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ မမိမိမော် ၁၂/မရက(နိုင်)၁၃၃၂၁၂သည် လင်ယောကျ်ားဖြစ်သူ ကိုတေဇာစိုး ၁၂/ရကန(နိုင်)၀၀၄၂၁၄နှင့် စိတ်သဘောထားချင်းမတိုက်ဆိုင်မှုများ ရှိခဲ့သည့်အတွက် ၂၀၁၂ခုနှစ် စက်တင်ဘာလထဲတွင် ကိုတေဇာစိုးအား စွန့်ခွာပြီး အိမ်မှဆင်းခဲ့ပါသည်။ ယင်းသို့ဖြင့် နှစ်နှစ်ခန့် လင်မယားကွဲကွာနေခဲ့ပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ ၂၁-၉-၂၀၁၄ရက်တွင် လင်မယားနှစ်ဦး သဘောတူကွာရှင်းပြတ်စဲကြောင်းစာချုပ်ကို နှစ်ဦးသဘောတူချုပ်ဆိုပြီး လင်မယားကွာရှင်းခဲ့ကြပြီး ဖြစ်ပါသည်။ လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးအပေါ်တစ်ဦး တာဝန်မရှိပါကြောင်းနှင့် တစ်ဦးကတစ်ဦးကို ပတ်သက်၊စွက်ဖက်၊နှောင့်ယှက်ခြင်းများပြုလုပ်ပိုင်ခွင့်မရှိကြောင်းများကို အများသိရှိရန် သဘောရိုးဖြင့်ကြေညာအပ်ပါသည်။

**မမိမိမော် ၁၂/မရက(နိုင်)၁၃၃၂၁၂**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

*စာမျက်နှာ ၁၅ မှ*

အထူးဖွံ့ဖြိုးရေးဘာသာရပ်များတွင် တိုင်းရင်းသားဘာသာနှင့် ယဉ်ကျေးမှု၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ၊ ကွန်ပျူတာ ပညာ၊ အခြေခံတိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးပညာ၊ အခြေခံစစ်ပညာ၊ မြန်မာ့ရိုးရာအခြေခံသိုင်းပညာ၊ အခြေခံကျန်းမာရေးပညာ၊ တိုင်းရင်းဆေးပညာတို့ ပါဝင်ကြသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများသည် သက်ဆိုင်ရာဒေသအသီးသီးသို့ ပညာရေးဝန်ထမ်းအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ကြရာတွင် စာပေပညာသင်ကြားပေးရေး တစ်ခုတည်းသာမဟုတ်ဘဲ ဘက်စုံဖွံ့ဖြိုးရေးကဏ္ဍများတွင်လည်း ရှေ့ဆောင်လမ်းပြနိုင်စွမ်းရှိစေရန်အတွက် ရည်ရွယ်လေ့ကျင့်ပေးခြင်းဖြစ်သည်။ **“စာကိုလည်းသင်၊ လူကိုလည်းပြင်”**ဆိုသကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဘက်စုံပြည့်ဝသော နိုင်ငံ့အတွက် အားထားရမည့် တိုင်းရင်းသားလူငယ်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးရာ ဌာနကြီးတစ်ခုဖြစ်သည်နှင့် အညီ သင်တန်းဆင်းများ၏ ရည်မှန်းချက်တာဝန်(၃)ရပ်ကိုလည်း ချမှတ်ထားပါသည်။ ၎င်းတို့မှာ-

(က) နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ပထမတာဝန်၊

(ခ) နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်ဒုတိယတာဝန်၊

(ဂ) တိုင်းရင်းသားပြည်သူများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ရမည့် တတိယတာဝန်တို့ဖြစ်ပါသည်။

**တက္ကသိုလ်၏သန္နိဋ္ဌာန်**

အမိဖွံ့ဖြိုးရေးတက္ကသိုလ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်မွေးထုတ်ပေးသော ဘူမိနက်သန် တက္ကသိုလ်ဖြစ်သည်နှင့်အညီ အောက်ဖော်ပြပါ သန္နိဋ္ဌာန်ဖြင့်ပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်လျက်ရှိသည်-

**“နိုင်ငံတော်ကပေးအပ်ထားသော ရည်မှန်းချက်တာဝန်ဖြစ်သည့် နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များအား ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်း၊ ကာကွယ်၊ စောင့်ရှောက်ကြမည့်အရည်အသွေးပြည့်ဝသော ပညာရေးဝန်ထမ်းစည်းရုံးရေးမှူးကောင်းများဖြစ်အောင် ပြုစု၊ပျိုးထောင်၊မွေးထုတ်ပေးရေးတာဝန်ကို စဉ်ဆက်မပြတ် ကြိုးပမ်းထမ်းဆောင်သွားမည်”**

ထို့ကြောင့် ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားသင်တန်းသား၊ သင်တန်းသူများအား တစ်အူထုံ့ဆင်း သွေးချင်းသားချင်း မောင်နှမရင်းများအဖြစ် ဥမကွဲသိုက်မပျက်နေထိုင်စေပြီး ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးသော ထူးခြားလေးနက်သည့် တက္ကသိုလ်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

နှစ်(၅၀)ပြည့်ရွှေရတုသို့ ရောက်ရှိတော့မည်ဖြစ်သည့်အတွက် တက္ကသိုလ်မှ ကျောင်းဆင်းသားသမီးများသည်လည်း ယနေ့အချိန်ကာလတွင် နိုင်ငံ့ဝန်ထမ်းအဆင့်ဆင့်၌လည်းကောင်း၊ အချို့လည်း အငြိမ်းစားရယူသွားပြီး ရပ်ရွာဒေသ လူထုခေါင်းဆောင်များအဖြစ်လည်းကောင်း၊ အချို့မှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်လည်းကောင်း၊ အချို့ကတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ဝန်ကြီးများအဖြစ်လည်းကောင်း ဖြန့်ကြက်တာဝန်ယူထမ်းဆောင်လျက်ရှိကြောင်းတွေ့မြင်ရပေသည်။ တိုင်းရင်းသားလူငယ် ကျောင်းဆင်းများသည် နိုင်ငံ့တာဝန်ကို ကဏ္ဍပေါင်းစုံ၌ ကျေပွန်စွာထမ်းဆောင်နေကြသည်မှာ အားရဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်က ကျွေးမွေး၊ ပြုစုပျိုးထောင်ပေးသော သားသမီးများပီပီ ပေးအပ်လိုက်သည့် ရည်မှန်းချက်တာဝန်များကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရန်တာဝန်ရှိသည်နှင့်အညီ နောင်မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များကလည်း ဆက်လက်သယ်ပိုး ထမ်းဆောင်ကြလိမ့်မည်ဖြစ်သည်။

သို့ဖြစ်၍ **“အမိတက္ကသိုလ်စခန်းဆီမှ၊ တိုင်းပြည်နယ် ညီနောင်ဖွားတို့ရယ် လှမ်းတက်ချီ မြန်ပြည်သာရေးကို၊ မှန်းဆရည် ကြိုးပမ်းကြမယ် ညီညွတ်ကြစမ်း”** ဟု တိုက်တွန်းနှိုးဆော်ရင်း တက္ကသိုလ်၏နှစ်(၅၀)ပြည့်ရွှေရတုအား ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



## ပြည်မြို့၌ အမျိုးသမီးရေးရာအဖွဲ့ ပန်းအလှပြင် သင်တန်းဖွင့်

**ပြည် စက်တင်ဘာ ၂၉**

ပြည်ခရိုင် ပြည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ပန်းအလှပြင်သင်တန်းကို စက်တင်ဘာ ၂၅ ရက်က ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်စိုးစိုးသိန်းနှင့်အဖွဲ့ဝင်များ ပြည်မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းတက်ရောက်သူ ၂၀ ထဲမှ နည်းစနစ်မှန်ကန်စွာဖြင့် အကောင်းဆုံးပန်းအလှပြင်နိုင်သူ သုံးဦးကို ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းလွင်(ပြည်)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# ရေကြီးရေလျှံမှုကြောင့် ဆိုင်ကယ်အငှားထမ်းသူများဖြင့် ကူးသန်းနေရ



**အင်းတော် စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စော်မော်ချောင်းနှင့် နားရခေါင်ရေကျော်တံတားများတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဆိုင်ကယ် အငှားထမ်းသူများကို အသုံးပြု ဖြတ်သန်းနေကြရကြောင်း သိရသည်။

စက်တင်ဘာ ၁၈ ရက်၊ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင် ရွာသွန်းသည့် မိုးကြောင့် ရွှေဘို -မြစ်ကြီးနား မော်တော်ကားလမ်းမပေါ်ရှိ စော်မော်ချောင်း၊ နားရခေါင်ချောင်းများနှင့် အင်းတော်-ကသာ မော်တော်ကား လမ်းမပေါ်ရှိ လမ်းခွချောင်းများတွင် ရေကြီးရေလျှံမှုများဖြစ်ကာ မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားကြသူများက ဆိုင်ကယ်များကို ချောင်းတစ်ဖက်ကမ်းသို့ အငှားထမ်းသူများဖြင့် ဖြတ်ကူးနေကြရကြောင်း သိရသည်။ ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမ နဘားကျေးရွာအနီးရှိ နားရခေါင် ရေကျော်တံတားသည် ပေအရှည် ၄၀၀ ခန့် ရှိပြီး စော်မော်ချောင်းရေကျော်တံတားမှာ ပေအရှည် ၃၀၀ ခန့်ရှိကြောင်း၊ မိုးတွင်းကာလ ရေကြီးရေလျှံ ချိန်များတွင် ၎င်းချောင်းကို ဖြတ်သန်းသွားလာရသည့် မော်တော်ယာဉ်စီး ၅၀ ခန့်မှာ ချောင်းအနီးရှိ နားနေစခန်းများတွင် ရေကျချိန်အထိ ရပ်နားစောင့်ဆိုင်းနေကြရကြောင်း၊ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် မော်တော်ဆိုင်ကယ်အစီးရေ ၄၀၀ ခန့်မှာ ချောင်းကို ဖြတ်သန်းရန် ဆိုင်ကယ်အငှားထမ်းသူများကို ငှားရမ်းကာဖြတ်သန်းသွားလာကြရကြောင်း၊ နဘားကျေးရွာ၊ နားရခေါင်ကျေးရွာများမှ စေတနာရှင်လူငယ်များအဖွဲ့က ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသည့် ရှေးစကားပုံနှင့်အညီ နားရခေါင်ချောင်းတွင် ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀၊ စော်မော်ချောင်းတွင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ချောင်းကိုဖြတ်သန်းပြီး ဆိုင်ကယ်များကိုထမ်းပိုးကာ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ မော်တော်ဆိုင်ကယ်တစ်စီးကို လူလေးဦးဖြင့် ထမ်းပိုးလျက် မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားသူများ လိုရာခရီးကို အချိန်မီရောက်ရှိနိုင်ရန်အတွက် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ဆိုင်ကယ်ထမ်းပိုးသယ်ဆောင်ပေးတဲ့အဖွဲ့ဟာ ရေစီးသန်တဲ့နားရခေါင်ချောင်း၊ စော်မော်ချောင်းတွေကို ဖြတ်သန်းသွားလာကြတဲ့ ခရီးသွားတွေ အခက်အခဲမရှိ ဘေးအန္တရာယ်မရှိအောင် တစ်ဖက်ကမ်းကို ပို့ဆောင်ပေးနေတာပါ။ ရေစီးသန်တဲ့ချောင်းမို့ မော်တော်ကားတွေတောင် ရေစီးနဲ့ မျောပါသွားတာမျိုးတွေရှိပါတယ်။ ဒါကြောင့်မို့ အခုလို မိုးရာသီအချိန်မှာ ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို မဖြစ်မနေ ဖြတ်သန်းသွားလာနေရတဲ့ မော်တော်ဆိုင်ကယ်စီးခရီးသွားတွေကို လိုရာခရီးကို ဆက်သွားနိုင်ဖို့အတွက် တစ်စီးကို ငွေကျပ် ၁၀၀၀၊ ၂၀၀၀ နှုန်းတွေနဲ့ ထမ်းပိုးပြီး ပို့ဆောင်ပေးနေပါတယ်။ တစ်ရက်ကို အလုပ်သမားတစ်ဦးကို ငွေကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ အထိ ရပါတယ်”ဟု စော်မော်ချောင်း ရေကျော်တံတားတွင် မော်တော်ဆိုင်ကယ်များကို ထမ်းပိုးပို့ဆောင်ပေးနေသူများ ထံမှ ကြားသိရသည်။

(၁၄၉)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၆၆
ဦးမြင့်စိန် နှင့် ၁။ ဦးအောင်မြင့်
၂။ ဦးမြင့်ဝေ
တရားလို တရားပြိုင်များ
၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် ၁၁၈ တွင် နေထိုင်သော ၁။ ဦးအောင်မြင့်၊ ၂။ ဦးမြင့်ဝေ(ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။
၂။ သင်တို့အပေါ်၌ တရားလို ဦးမြင့်စိန်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။
၂၀၁၄ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။
(ဇင်ဇင်ခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၃
ဒေါ်မေအိမ် နှင့် ဦးသန်းထူး
တရားလို တရားပြိုင်
ဦးသန်းထူး မ-၆၈၁/ခ၊ ပုဂံလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။
သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် အောက်တိုဘာ ၆ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။
၂၀၁၄ခုနှစ် စက်တင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။
(ကျော်မင်းအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၄၀
ဒေါ်ရင်လှ နှင့် ၁။ ဒေါ်ခင်အေး
၂။ ဦးထွန်းလှ
တရားလို တရားပြိုင်များ
သာကေတမြို့နယ်၊ (၆/အရှေ့)ရပ်ကွက်၊ အောင်သုခ ၁၉ လမ်း၊ အမှတ် ၁၀၈၈နေ (၁) ဒေါ်ခင်အေး၊ (၂) ဦးထွန်းလှ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။
သင့်အပေါ်၌ တရားလို ဒေါ်ရင်လှက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ရက် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။
၂၀၁၄ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။
(ယုယုဆွေ)
တွဲဖက်မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

**ပျောက်ဆုံးကြောင်း**
မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဇရာ ၆လမ်းနေ ဒေါ်ဥမ္မာ ၁၂/ဥကမ(နိုင်)၀၀၈၅၅၆ ပိုင်ဆိုင်သော ယာဉ်အမှတ် ကက/၁၂၂၉ ပုံစံ(ဃ)စလစ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၅၀၂၀၁၊ ၀၉-၂၅၄၅၅၁၄၇၁

**မှတ်ပုံတင် ပျောက်ဆုံးခြင်း**
ကျွန်မ အိသဉ္ဇာဆွေ ၃/ကကရ(နိုင်)၀၈၂၅၁၃၈၏ မှတ်ပုံတင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၄၃၂၉၉၊ ၀၉-၄၂၅၀၅၀၇၇၇၊ ၀၉-၄၂၅၀၅၀၈၈၈

ကျန်းမာရေးဆောင်းပါးနှင့်ကြော်ငြာ

# သင်၏လည်ပင်းကို အစဉ်ထာဝရ ဂရုစိုက်ပါ

ဒေါက်တာဘီရော်

ကျွန်ုပ်၏ လည်ပင်းဘယ်ညာ တစ်ဖက်တစ်ချက်စီတွင် လည်ပင်းသွေးကြောနှစ်ချောင်း (Carotid arteries)သည် ဦးခေါင်းသို့ ထောင်တက်သွားကာ ဦးနှောက်သို့ ဝင်ပါသည်။ ၎င်းသွေးကြောများ၏ နံရံတွင် အလွှာများရှိရာ တစ်လွှာလွှာပေါက်ပြဲသွားပါက သွေးခဲဖြစ်ပေါ်ပြီး ယင်းသွေးခဲဦးနှောက်သို့ ရောက်ပါက လေဖြတ် (Stroke) ပါသည်။

အချို့သော သူများသည် အကြောင်းတစ်စုံတစ်ရာမရှိဘဲ ရုတ်တရက်လဲကျသေဆုံးကြရာ အခြားသောအကြောင်းတစ်စုံတစ်ရာရှိနိုင်သော်လည်း လည်ပင်းသွေးကြောပေါက်ပြဲခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

သွေးကြောနံရံပေါက်ပြဲရာမှ သွေးခဲဖြစ်ပေါ်ပြီး လေဖြတ်စေခြင်းသည် လည်ပင်းကို ကိုင်တွယ်ကုသရသည့် ကုထုံးနှင့်ဆက်စပ်နေသည်(လည်ပင်းကုထုံးကြောင့်ဖြစ်သည်ဟု အတပ်မပြောနိုင်သည့်တိုင်) ဟု သုတေသီများက ဆိုပါသည်။ လည်ပင်းသွေးလွှတ်ကြောပေါက်ပြဲခြင်းဟုခေါ်သည့် သွေးကြောပေါက်ခြင်းသည် လေဖြတ်ခြင်း လူ ၁၀၀ တွင် နှစ်ဦးနှုန်းခန့် ငယ်ရွယ်သူနှင့် သက်လတ်ပိုင်းတွင် လေဖြတ်မှု လူ ၁၀၀ ဖြစ်တိုင်း ရှစ်ဦးမှ ၂၅ ဦးအထိ ရှိပါသည်။

"သွေးကြောပေါက်လို့ လည်ပင်းသွေးလွှတ်ကြောနံရံရဲ့ အလွှာတစ်လွှာစုတ်ပြဲတာကြောင့် သွေးခဲမှုဖြစ်ပေါ်နိုင်ပါတယ်။ အဲဒီသွေးခဲက ဦးနှောက်ထဲဝင်ပြီး ဦးနှောက်သွေးကြောပိတ်သွားရင် လေဖြတ်စေတာပါပဲ။ လေဖြတ်ရင် ပြင်းတဲ့အခါသေပြီး ပျော့ရင်ကိုယ်တစ်ခြမ်းသေမယ်၊ ကိုယ်အောက်ပိုင်းသေမယ်၊ စကားမပြောနိုင် ဆွံ့အမယ် စတာတွေဖြစ်နိုင်တယ်"ဟု ဒေါက်တာဂျိုးစ်ဘီလာက ပြောပါသည်။ ဘီလာသည် ချီကာဂိုရှိ လိုယိုလာဆေးတက္ကသိုလ်မှ အာရုံကြောအထူးကုဆရာဝန်တစ်ဦးဖြစ်ပြီး အမေရိကန် နှလုံးအစည်းအရုံးနှင့် အမေရိကန်လေဖြတ်ရောဂါအသင်းအဖွဲ့တို့တွင်လည်ပင်းကုထုံးနှင့် လေဖြတ်ခြင်း အန္တရာယ်အကြောင်း ပူးတွဲလေ့လာရေးသားနေသူဖြစ်သည်။ ဤရေးသားချက်ကို မကြာမီက ထုတ်ဝေခဲ့သော (Storke) အမည်ရှိ စာစောင်တွင် ဖော်ပြခဲ့ပါသည်။

လည်ပင်းသွေးလွှတ်ကြောပေါက်ခြင်းသည် ဝါးလုံး၊ ကြာပွတ်၊ ကြိမ်လုံးကြီး စသော တုံးသောအရာဝတ္ထုများကြောင့် ဖြစ်နိုင်သကဲ့သို့ ကပ်ကြေး၊ ဓားစသော ချွန်ထက်သည့်အရာဝတ္ထုများကြောင့် ထိုးဖောက်ဒဏ်ရာရ၍လည်း ဖြစ်နိုင်ပါသည်။

လည်ပင်းကိုအပေါ်သို့ ရုတ်တရက် အလွန်အကျွံမော့ကြည့်စေသော သို့မဟုတ် လည်ပင်းကို ပတ်ချာလည်လှည့်စေသော လှုပ်ရှားမှုများတွင်လည်း လည်ပင်းသွေးကြောပေါက်ပြဲနိုင်ပါသည်။ ယင်းလှုပ်ရှားမှုများမှာ လည်ပင်းကို လှည့်ရသော အားကစားနည်းများ၊ လည်ပင်းကိုကြာပွတ်ဖြင့် ရိုက်မိစေနိုင်သော အားကစားနည်းများ၊ ဥပမာ-မြင်းစီးအားကစားတွင် မြင်းကိုရိုက်သော ကြာပွတ်ဖြင့် မိမိလည်ပင်းကို မတော်တဆရိုက်မိနိုင်သည်။ ချောင်းအလွန်ဆိုးခြင်း၊ အလွန်ထိုးအန်ခြင်း သို့မဟုတ် လည်ပင်းကို ကိုင်တွယ်နှိပ်နယ်ကုရသော ကုထုံးစသည်တို့ ဖြစ်သည်။

လည်ပင်းနာ၊ ကျောနာ၊ ခါးနာဖြစ်ပါက တတ်ကျွမ်းနားလည်သော အရိုးကုဆရာဝန်၊ ရူပဆေးကုပညာရှင် စသည်တို့ဖြင့်သာ ကုသမှုခံယူသင့်သည်။ နားမလည်သော အရပ်အနှိပ်သည်၊ အကြောပြင်ဆရာများနှင့် ဖြစ်ကတတ်ဆန်း ကုသမှုမခံယူသင့်ပါ။ ဖြစ်လာလျှင် မိမိသာ ခံရမည်ဖြစ်သည်။ လည်ပင်းကို အနှိပ်မှားပါက လေဖြတ်နိုင်ပါသည်။

လည်ပင်းကို လက်နှင့်ကိုင်တွယ်ကုသသည့် ကုထုံးနှင့် လေဖြတ်ခြင်းအန္တရာယ်ကြား ဆက်စပ်မှုကို အကဲဖြတ်ရန်အလို့ငှာ ဘီလာနှင့်အဖွဲ့သည် လည်ပင်းသွေးလွှတ်ကြောကြောင့် ဖြစ်ပေါ်သော လေဖြတ်ခြင်းနှင့် အဓိက ဆက်စပ်သည့် လေ့လာမှုကြီးလေးခုအပေါ် အာရုံစိုက်ခဲ့ပါသည်။ ၎င်းတို့ တွေ့ရှိခဲ့သည်မှာ ဤလေဖြတ်ခြင်းအမျိုးအစားရှိသူများတွင်လည်း လည်ပင်းကိုင်တွယ်ဖူးကြောင်း လှုပ်ရှားမှုပုံစံတစ်မျိုးမျိုး ရှိခဲ့ဖူးကြောင်းပင် ဖြစ်သည်။

မှန်ပါသည်။ လည်ပင်းသွေးကြောပေါက်ပြဲပါက ခေါင်းကိုက်ခြင်းနှင့် လည်ပင်းနာခြင်းဖြစ်ပေါ်တတ်ပါသည်။ ထိုသို့ လည်ပင်းနာသောကြောင့် လည်ပင်းနှိပ်နယ်ကုထုံးကို မခံယူကြခြင်းလည်း ဖြစ်နိုင်ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် လူဦးရေ ၂၂ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအထိသည် တစ်ချိန်ချိန်တွင် လည်ပင်းနာတတ်ကြပါသည်။ ထိုအခါ လည်ပင်းနှိပ်နယ်ကုထုံးသည် အခြားသော ဆေးဝါးကုထုံးနှင့် ခွဲစိတ်ကုသခြင်းတို့ထက် ပို၍စိတ်ချရပါသည်။

လည်ပင်းသွေးကြော မပေါက်ပြဲစေရန် တစ်နည်းအားဖြင့် လည်ပင်းသွေးလွှတ်ကြောအတွင်း သွေးခဲဖြစ်ပေါ်ပြီး လေမဖြတ်စေရန် လိုက်နာရမည့် အချက်များကို ဖော်ပြအပ်ပါသည်။

ခေါင်းကိုက်၊ ဇက်ထိုး၊ လည်ပင်းနာ၊ ကျောနာ၊ ခါးနာဖြစ်ပါက ကျွမ်းကျင်သော ဆရာဝန်၊ ရူပဆေးကုပညာရှင်၊ တတ်ကျွမ်းသော အကြောပြင်ဆရာများနှင့်သာ ကုသမှုခံယူပါ။ နားမလည်သော အရပ်အနှိပ်သည်များနှင့် လည်ပင်းကိုအနှိပ်မခံသင့်ပါ။ အားကစားလေ့ကျင့်ရာနှင့် ခေါင်း၊ ခါး၊ ခြေ၊ လက်လှုပ်ရှားရာတွင် ခေါင်းကို တစ်နည်းအားဖြင့် လည်ပင်းကို လှုပ်ရာတွင် ညင်သာစွာ လှည့်ပါ။ ဆတ်ခနဲ မလှည့်ပါနှင့်။ အပေါ်မော့ကြည့်ရာတွင်လည်း အလွန်အကျွံမမော့ပါနှင့် လည်ပင်းသွေးကြောပေါက်သွားနိုင်ပါသည်။ နေမကောင်း၍ ချောင်းဆိုးနေလျှင် အားစိုက်ပြီး မဆိုးပါနှင့် ညင်သာစွာဆိုးပါ။ ထိုနည်းတူစွာပင် အန်လျှင်လည်း ဖြည်းညင်း ညင်သာစွာအန်ပါ။ အားစိုက်ပြီး ထိုးမအန်ပါနှင့်။ လည်ပင်းသွေးကြောမထိခိုက်စေရန်ဖြစ်သည်။

အပေါ်မော့ကြည့်ရာတွင်လည်းကောင်း၊ ဦးခေါင်းကို ဘယ်ညာလှည့်ကြည့်ရာတွင်လည်းကောင်း ဖြည်းဖြည်းသာ ပြုလုပ်ပါ။ လည်ပင်းကို ညှစ်၍ စခြင်းနောက်ခြင်း မပြုလုပ်ပါနှင့်။ မတော်တဆ လည်ပင်းသွေးကြောထိခိုက်နိုင်ပါသည်။ ခြောက်လှန့်သည့်သဘောလည်း မလုပ်ပါနှင့်။ ဆောင်းညာကိုက်ခဲ၍ အနင်းအနှိပ်ခံပါက ခြေလက်ခန္ဓာကိုယ်ကိုသာ အနင်းအနှိပ်ခံပါ။ ဇက်ချိုး၊ ခါးချိုးမခံပါနှင့်။ စာရေးသူသည် ဆောင်းညာလျှင် အနှိပ်ခံတတ်ပါသည်။ ဇက်ချိုးလျှင်တော့ မခံပါ။ နှိပ်ခအပြည့်ပေးပြီး ပြန်လွှတ်တတ်ပါသည်။ ခါးချိုးလျှင်လည်း ခါးဆစ်လွဲနိုင်သည့် ဘေးအန္တရာယ်ရှိပါသည်။ အထူးသဖြင့် အသက်ကြီးသူများ သတိထားသင့်ပါသည်။

နိဂုံးချုပ်တင်ပြလိုသည်မှာ အသွားမတော်တစ်လှမ်းဟု ဆိုသည့်အတိုင်း မိမိလည်ပင်းကို အလှည့်မတော်မဖြစ်မိစေရန် သတိဂရုပြုသင့်ပါကြောင်းပင် ဖြစ်ပါသတည်း။ ။



အလုပ်သမားများစုပေါင်းကာ လုပ်ငန်းခွင်ထိခိုက်မှုမရှိသည့် one million man hours of zero accident အတွက် အချင်းချင်း ဂုဏ်ပြုလွှာပေးအပ်စဉ်။ ဓာတ်ပုံ- မေဦးမိုး

## လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေး နာရီတစ်သန်း ဂုဏ်ပြုလုပ်ဆောင်

**ပဲခူး စက်တင်ဘာ ၂၉**

နိုင်ငံတကာမှ သတ်မှတ်ထားသည့် စက်ရုံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လေလွင့်ဆုံးရှုံးမှု မရှိရေး နာရီပေါင်းတစ်သန်း လုပ်ဆောင်ခြင်းအထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ Carlsberg စက်ရုံတွင် စက်ရုံလုပ်ငန်းခွင် အလုပ်သမား ၄၀၀ ကျော်က စုပေါင်းကျင်းပသည်။

အဆိုပါစက်ရုံဝင်းအတွင်း အလုပ်သမားပေါင်း ၄၀၀ ကျော်မှာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများကိုအချင်းချင်းပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

"ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းခွင်ဖြစ်လာဖို့ အများကြီးကြိုးစားရပါတယ်။ အဓိကကတော့ အလုပ်သမားတွေအချင်းချင်းညီညွတ်ရေးနဲ့ လုပ်ငန်းခွင်သာယာရေး လိုအပ်ပါတယ်။ ကမ္ဘာမှာလည်း လုပ်ငန်းခွင် ထိခိုက်မှုမရှိခြင်း နာရီပေါင်းတစ်သန်း လုပ်ဆောင်ချက်က အလွန်ခေတ်စားတဲ့အတွက် ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့လို့ ဝမ်းသာမိတယ်"ဟု စက်ရုံအင်ဂျင်နီယာတစ်ဦးဖြစ်သူ မစ္စတာ ဖီးလ်ဘရုန်းက ပြောကြားသည်။

**ခင်လေးမြင့်အောင်**

## လယ်ဝေးမြို့နယ် ရေလဲပေါက်ကျေးရွာနှင့် ပေါက်မြိုင်ရွာ ဆည်မြောင်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအုပ်စုရှိ ရေလဲပေါက်ရွာနှင့် ပေါက်မြိုင်ရွာ ဝန်းကျင်ဒေသများသို့ ဆက်သွယ်ပေးသည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဆည်မြောင်းဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ဆည်မြောင်းမုခ်ဦး၌ ကျင်းပသည်။

ဆည်မြောင်းဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဝေတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ယခုကဲ့သို့ လယ်ယာဆည်မြောင်းဖွင့်လှစ်ပေးသည့်အတွက် ရေလဲပေါက်ရွာ၊ ပေါက်မြိုင်ရွာ၊ နှစ်ဆောင်ပြိုင်ကျေးရွာနှင့် ဝန်းကျင်ရှိဒေသခံများအနေဖြင့် စိုက်ပျိုးရေးအတွက် ရေကို အလွယ်တကူရရှိ၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ဝင်ငွေတိုးကာ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဖြစ်သည့်အတွက် ဒေသခံများက ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကိုကို(ပျဉ်းမနား)**


### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ကနီမြို့နယ်၊ ဝင်မနားအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်ထက်ပိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၅/ကနန(နိုင်)၁၁၆၁၆၃ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းဦး**

### ဖခင်အမည်မှန်

စစ်ကိုင်းခရိုင် မြောင်မြို့နယ်၊ ပရိမ္မကျေးရွာ အထကကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မမီမီကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဝင်း ၅/ခဥတ(နိုင်)၁၉၁၁၀၈ဖြစ်ပါကြောင်း။**ဦးကျော်ကျော်ဝင်း**

### ဝန်ထမ်းအလိုရှိသည်

၁။ Sales and Marketing Manager ကျား ၂ ဦး၊ ယာဉ်မောင်း လိုင်စင်ရှိရမည်။ (ကားအပိုပစ္စည်းနှင့် အင်ဂျင်ပိုင်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။)လစာ-ညှိနှိုင်း

၂။ **Sales Executive** ကျား ၄ ဦး

၃။ **Admin Officer** ကျား ၁ ဦး

၄။ **Office Staff** ကျား ၁ ဦး

CV နှင့်တကွ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

**Linn Thit Hein Co.,Ltd.**

၁၂၂၊ ၈ မိုင်၊ ပြည်လမ်း၊ ဖုန်း-၆၅၂၄၈၈၊ ၆၅၂၄၉၉

### တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တင်ဒါခေါ်ယူလိုပါသည်။

| စဉ် | ဆောင်ရွက်ရမည့်လုပ်ငန်း | တည်နေရာ | ဆောင်ရွက်ရမည့်ဈေးနှုန်း |
|---|---|---|---|
| ၁။ | မန္တလေး-ချောင်းဝန်းလမ်းမြို့တွင်း (၃/၇)မှ (၄/၂)အတွင်း ကျောက်စီရေမြောင်းတစ်ဖက်ပြုလုပ်ခြင်း၊ ရွာဝင်လမ်းများအတွက် Concrete Slab ကျောက်စီရေမြောင်းဖုံးများပြုလုပ်ခြင်း | မန္တလေး-ချောင်းဝန်းလမ်း မိုင်တိုင် ၃/၇-၄/၂အတွင်း ပုသိမ်ကြီးမြို့နယ် | ၄၁.၈၁၈၆ (အမြင့်ဆုံးဈေး)<br>၄၁.၀၀ (အနိမ့်ဆုံးဈေး) |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၁-၁၀-၂၀၁၄ ရက်မှ ၁၀-၁၀-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** -ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၆၃၇၁

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### (ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေခွဲရုံ ၄ ရုံနှင့် ကချင်ပြည်နယ်အတွင်း ၃၃ ကေဗွီ Swith Bay တစ်စုံတို့အတွက် လိုအပ်သော ပစ္စည်းများအား Package တစ်ခုစီတွဲ၍ မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** -၃၀-၉-၂၀၁၄ ရက်

**တင်ဒါပိတ်မည့်ရက်** -၁၀-၁၀-၂၀၁၄ ရက်

**တင်ဒါပိတ်မည့်အချိန်** -၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၅၃)၊ နေပြည်တော်**
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၇၅၊
ဖက်စ်-၀၆၇-၄၃၁၁၈၅

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၆)လမ်း၊ ဟံသာရိပ်မွန်အိမ်ရာတွင် တိုက်အမှတ်(၅)ရှိ အခန်းအမှတ်(၅၀၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအုန်းမြင့်(အေဘီ-၀၅၃၄၃၅)၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာ(A/O)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် ဒေါ်ခင်မာချို ၆/မအရ(နိုင်)၀၄၃၂၄၇မှ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မူကြို(၄)အလုံ၏ ရင်သွေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၄) မူလတန်းကြိုကျောင်း (အလုံ) မြို့နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပသော ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ဆုရကလေးများအား ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးတိုင်းဦးစီးမှူး ဦးတင်ဇော်မိုး တက်ရောက်အမှာစကားပြောကြားသည်။ ကျောင်းအုပ်ဒေါ်ခင်ယုဒါရီက တစ်နှစ်တာဆောင်ရွက် လုပ်ဆောင်ခဲ့ရသည့် ကျောင်းတွင်း လုပ်ငန်းစဉ်များကို



ရှင်းလင်းပြောကြားပြီး နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကိုဖတ်ကြားအတည်ပြုကာ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် မိဘဆရာအသင်း အမှုဆောင်သစ်များကို ရွေးချယ်တာဝန်ပေးအပ်လိုက်သည်။ ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် ဆေးရောင်ခြယ်ပန်းချီ၊ စိတ်ကူးပုံဖော်ရေးဆွဲပန်းချီ၊ လက်ဆွဲပန်းချီ၊ စုပေါင်းသီချင်းဆို၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူ ရင်သွေးငယ်များအား တိုင်းဦးစီးမှူး၊ ကျောင်းအုပ်၊ မိဘဆရာအသင်း အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရကလေးငယ်များက ပြိုင်ပွဲဝင် ဆုရတေးသီချင်းများဖြင့် ပြန်လည်ဖျော်ဖြေကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# သမဝါယမအသင်းသားများအား အငှားဝယ်စနစ်အကြောင်း ရှင်းလင်းပြောကြား

**အောင်လံ စက်တင်ဘာ ၂၉**

အောင်လံမြို့နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းသားများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက အောင်လံမြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပခဲ့သည့် အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ဥက္ကဋ္ဌ ဦးကံထွန်းနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာများမှ သမဝါယမအသင်းအမှုဆောင် ဒါရိုက်တာများနှင့် အသင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ကိုယ်စား မကွေးတိုင်းဒေသကြီး သမဝါယမနည်းပြ သင်တန်းကျောင်း နည်းပြအရာရှိ ဒေါ်လှသန်းက အမှာစကားပြောကြားပြီး အောင်လံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆွေက သမဝါယမအသင်းများ ဖွဲ့စည်းပြီးစီးမှုအခြေအနေနှင့် ချေးငွေထုတ်ချေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်း ဥက္ကဋ္ဌ ဦးညွန့်မောင်က အငှားဝယ်စနစ်အကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု သန့်ရှင်းရေးဆောင်ရွက်

**ပန်းတောင်း စက်တင်ဘာ ၂၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၅၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ငါးမျက်နှာစေတီတော်မြတ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ ဦးစီးသည့် ရဲတပ်ဖွဲ့မိသားစုတို့သည် သစ်ပင်ချုံနွယ်ပေါင်းမြက်များ သန့်ရှင်းခြင်းကို စက်တင်ဘာ ၂၇ ရက် နံနက်က စုပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၂၆ ရက်ကလည်း ထုံးဘိုနယ်မြေ ရဲစခန်းမှူး ရဲအုပ်ထွန်းကြည် ဦးဆောင်သည့် ရဲတပ်ဖွဲ့မိသားစုများက ထုံးဘိုကျေးရွာ မြသိန်းတန်ကျောင်းတိုက် ရွှေဘုန်းပွင့်ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြသည်။

**အောင်မြင့်(ပန်းတောင်း)**

# ခရိုင်ချင်းဆက် ကတ္တရာလမ်း အမှတ်(၂) ပျက်စီးနေမှုအား ပြန်လည်ပြုပြင်လျက်ရှိ

**ကျောက်ဆည် စက်တင်ဘာ ၂၉**

တန်ပိုကားများ၊ ကားကြီးများ ဖြတ်သန်းမောင်းနှင်ခြင်းနှင့် တောင်ကျရေ လမ်းပေါ်တွင် တင်ရှိသောကြောင့် ကျောက်ဆည်မြို့နယ် အမှတ်(၂) ခရိုင်ချင်းဆက် ကတ္တရာလမ်း ပျက်စီးနေမှုကို အများပြည်သူသွားလာရေး လွယ်ကူအဆင်ပြေစေရန် အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုအခါ ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ အမှတ်(၂) ခရိုင်ချင်းဆက်လမ်းသည် မူလသတ်မှတ်ချက်အရ ခြောက်တန်အထိရှိသော ကားများသာ ခွင့်ပြုထားခြင်းနှင့် ပျက်စီးမှုနှင့်ပတ်သက်၍ "အခု ဒီလမ်းက အသုံးပြုမှုများလာတယ်။ စက်ရုံ၊ အလုပ်ရုံတွေက ကားကြီးတွေက ဒီလမ်းကို အသုံးပြုကြတယ်။ ကျောက်မီးသွေးတင်ကားတွေ၊ တိုးဂိတ်ရှောင်ကားတွေက ဒီလမ်းကို အသုံးပြုကြတယ်။ နောက်ပြီး မိုးရွာရင် တောင်ပေါ်ရေက လမ်းပေါ်ကိုဖြတ်စီးတော့ ပျက်စီးမှုကများလာတယ်။ လမ်းကို နဂိုအတိုင်းဖြစ်အောင် ကျောက်ကြီးတွေချပြီး ပြန်လည်ပြုပြင်ဆောင်ရွက်သွားမှာပါ" ဟု ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခင်မာဝေက ပြောပြသည်။

အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပထမသုတ်အနေဖြင့် မိုင်တိုင်အမှတ် ၄၀/၇ မှ ၄၀/၆ ကြား ပျက်စီးနေမှုကို ငွေကျပ် ၃ ဒသမ ၁၅၀ သန်း အကုန်အကျခံကာ အောက်ခံမြေသားအမာပေါ်သည်အထိ ပြန်လည်တူးဖော်ပြီး ကျောက်ကြီးများချခြင်း၊ ကျောက်သေးများချခြင်း၊ ကတ္တရာခင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းသိုက်နှင့် မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်တို့က လမ်းအသုံးပြုသူများ အဆင်ပြေချောမွေ့စွာ ရေရှည်အသုံးပြုနိုင်ရေး အပတ်စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ငါန်းဇွန်-မြို့သာ ကားလမ်းမပေါ်ရှိ တာပေါင်များမြှင့်တင်ခြင်းဆောင်ရွက်

**ငါန်းဇွန် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်နှင့် မြို့သာမြို့နယ် ကားလမ်းပေါ်ရှိ အရှည် ၁၀ မိုင်ခန့်ရှိသော တစ်ဖက်လျှင် ၁၁ ပေ ကျယ်ဝန်းသည့် လမ်းဘေးမြေသား တာပေါင်ချဲ့ထွင်ခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါလုပ်ငန်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးသိန်းရွှေနှင့် ငါန်းဇွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းတို့ ကြည့်ရှုစစ်ဆေးခဲ့ပြီး အောက်တိုဘာလအတွင်း လုပ်ငန်းအပြီးသတ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**


**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)**
**ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**
(၁) Table (5'x3'x2'6")
(၂) အစည်းအဝေးသုံးစားပွဲရှည်
(၃) အံဆွဲတစ်ဖက်ပါ ရုံးသုံးစားပွဲ (T.1004)
(၄) အံဆွဲမပါစာကြည့်စားပွဲ (T.1016)(3'x2.5'x2.5')
(၅) Long High Desk
(၆) Long Low Desk
(၇) စာကြည့်တိုက်စားပွဲ (၂ယောက်တွဲ)
(၈) Cabinet (Leeco 4 Drawers)
(၉) ဗိုင်တင်စင် (Leeco/Taiyo/Standard)
(၁၀) Cabinet (Leeco Simple)
(၁၁) Computer Table
(၁၂) Table for Teacher (Language Lab Room)
(၁၃) Twin table for student (Language Lab Room)
(၁၄) လက်တန်းမပါထိုင်ခုံ(1.4'x1'.6'x3.2')
(၁၅) လက်တန်းပါထိုင်ခုံ (1.4'x1.6'x3.2')
(၁၆) ကျွန်းမှန်ဗီရို Width 3'10" နှင့် High
(၁၇) စာကြည့်တိုက်သုံးအံဆွဲဗီရို
(၁၈) စာကြည့်စားပွဲ(လေးယောက်တွဲ)
(၁၉) ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ
(၂၀) Plastic Chair (Armed)
(၂၁) Hardware Lab Table(10'x3')
(၂၂) Physics Lab Table(15'x5')
(၂၃) Aluminium Ladder
Information Science Lab Room Database Management
(၂၄) System (DBMS) Lab ခန်းအတွက် လိုအပ်သောပရိဘောဂပစ္စည်းများ
(၂၅) Pump 5 HP, Compressor (1.5 HP)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၁၀-၂၀၁၄ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဖုန်း-၀၆၄-၂၄၄၁၇၊ ၀၉-၂၂၀၁၆၇၂**



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(မအူပင်)**
**ပရိဘောဂဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)အတွက် အောက်ဖော်ပြပါပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(၁) နှစ်ထပ်စာသင်ဆောင်(၁)အမိုးပြုပြင်ခြင်းလုပ်ငန်း
(၂) နှစ်ထပ်စာသင်ဆောင်(၁)မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်း(AC Sheet)
(၃) နှစ်ထပ်စာသင်ဆောင်(၁)ကွန်ကရစ်ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်း
(၄) တစ်ထပ်စာသင်ဆောင်(၂)စာသင်ခန်းနှင့် လျှောက်လမ်းကွန်ကရစ်ကြမ်းခင်း ပြုပြင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မအူပင်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၄-၁၀-၂၀၁၄ ရက်၊ ၁၄း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မအူပင်)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်)**
**ဖုန်း-၀၄၅-၃၀၁၁၅၊ ၀၄၅-၃၀၃၆၄**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၅)၊ တိုက်အမှတ် (၅/၃)၊ အခန်းအမှတ်(၂)ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်အေးအေးခိုင် ၁၂/ကမရ(နိုင်)၀၀၂၁၉၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က စရန်ငွေကိုပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်မရှိလျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း**
**၅၆/၂၊ ယင်းမာမြိုင်လမ်း၊ စုပေါင်းအိမ်ရာ၊**
**(၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၉၁၀၉၃**



**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၄၄၇)၊ (၈၁)ရပ်ကွက်၊ ပေ (၄၀×၆၀)မြေကွက်သည် ဒေါ်ခင်အေးသန်း အမည်ပေါက်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာထွန်း ၁၂/လမန(နိုင်)၁၁၀၈၃၉ မှ ၁၃-၂-၂၀၁၂ ရက်က အပြီးအပိုင်ဝယ်ယူခဲ့သဖြင့် လက်ရောက်ရရှိပြီးဖြစ်ပါသည်။၄င်းပါမစ်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် အသစ်ထပ်မံလျှောက်ထားမည်ဖြစ်ပါသည်။ ၄င်းပါမစ်မူရင်းလက်ဝယ်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြင့်မြင့်ရီ LL.B**
**အထက်တန်းရှေ့နေ (စဉ်-၂၄၈၅၉)**
**အမှတ်(၈၅၀)၊ ဇီဇဝါလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၃၁၀၁၅၅၈၈**

လူမှုရေးကော်ငြာ

# ကျေးဇူးအထူးတင်ရှိခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက် ဒါယိကာမကြီး

## ဒေါ်အုန်း

### (ဦးကောက်-မုန့်မျိုးစုံဖြန့်ချိရေး-ပဲခူးမြို့၏ မိခင်ကြီး)

### အသက်(၉၃)နှစ်

၂၃-၉-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုန်းအား နာမကျန်းစဉ် မိဘသဖွယ် အထူးစောင့်ရှောက်ကုသမှုပြုပေးခဲ့ပါသော နှလုံးနှင့် အထွေထွေအထူးကုသမားတော်ကြီး ဆရာဝန်ကြီး ဦးဆန်းလွင်နှင့် SSC ဆေးရုံ ICU အထူးကြပ်မတ်ဆောင်မှ ဆရာဝန်များ၊ သူနာပြုများ၊ နောက်ဆုံးခရီးစဉ်အထိ လိုက်ပါပို့ဆောင်ပေးခဲ့ကြပါသော ပဲခူး၊ ရန်ကုန်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ လိုလေသေးမရှိအောင် မိသားစုသဖွယ် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ကလျာဏမိတ်ဆွေများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ E-mail တို့ဖြင့် နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ရင်ထဲမှ လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးစိန်မြင့်(ခ)လီစိန်ကြည်

## အသက်(၈၄)နှစ်

သူငယ်ချင်း ဒေါက်တာကိုကိုကြီး (မန်နေးဂျင်းဒါရိုက်တာ၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)နှင့် ဒေါ်မိုးမိုး (ဒါရိုက်တာ၊ ရီရှင်းကုမ္ပဏီလီမိတက်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်မြင့်(ခ)လီစိန်ကြည် ကွယ်လွန်သွားကြောင်း ကြားသိရတဲ့အတွက် သူငယ်ချင်းမိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါတယ်။ ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းပေးပါတယ်။

**မန္တလေးဒေသကောလိပ်ကျောင်းနေဖက်သူငယ်ချင်းများ**

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၃၁)၊ မြေကွက်အမှတ် ၂၄၊ မြေကွက်တည်နေရာအမှတ်-၂၄၊ပြည်ထောင်စုလမ်း၊ ဒေါ်သောင်းသောင်းမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းသောင်းမြင့် ၁၂/မဘန(နိုင်)ဝ၂၁၂၂၉ ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ထုတ်ပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေငှားစာချုပ်အမှတ် ရပသ/ဂရသ-၉၉/၉၉ (၁၇-၉-၉၉)ဖြင့် ထုတ်ပေးခဲ့သော မူလဂရန်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အထူးဝမ်းနည်းကြေကွဲခြင်း

#### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

#### ဦးစိန်မြင့်(ခ)လီစိန်ကြည်

#### အသက်(၈၄)နှစ်

**ဥက္ကဋ္ဌ-ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်နှင့် အဆင့်မြင့်ဒိုးပျံဂျုံစက်ရုံ**
**ဥက္ကဋ္ဌ-ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်း**
**ဥက္ကဋ္ဌ-လုံစီဘုရားကျောင်း မန္တလေးမြို့**
**ဥက္ကဋ္ဌ-မန္တလေးချမ်းသာ အကယ်ဒမီ (MCTA)**

မန္တလေးမြို့၊ (၇၃)လမ်း၊ အမှတ်(၈၀)၊ မင်္ဂလာခြံနေ သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းကြူ၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၃၄)နေ ဒေါက်တာကိုကိုကြီး (MD-Capital Diamond Star Group Ltd.)(မန်နေးဂျင်းဒါရိုက်တာ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)၊ ဒေါ်မိုးမိုး(ဒါရိုက်တာ-ရီရှင်းကုမ္ပဏီလီမိတက်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်မြင့်(ခ)လီစိန်ကြည် အသက်(၈၄)နှစ်သည် ၂၄-၉-၂၀၁၄ရက် နံနက် ၇း၅၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Director အဖွဲ့ဝင်များ**
**Ayeyarwaddy စားသောက်ကုန် လုပ်ငန်းကုမ္ပဏီလီမိတက် (မာမားခေါက်ဆွဲ)**

### သခင်သိန်းမောင် (ဝါးခယ်မ)

#### အသက်(၉၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ မင်းပိုင်နေ (ဦးဘမောင်-ဒေါ်မိကလေး)တို့၏ တတိယသား၊ ဝါးခယ်မမြို့၊ ဘုရားကြီးလမ်းနေ (ဦးဖေခင်-ဒေါ်မကလေး)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နေ၊ ၃၆လမ်း(လယ်)၊ အမှတ် ၁၅၁ နေ (ဒေါ်အေးမြင့်)၏ ခင်ပွန်း၊ (ဦးမင်းသိန်း)-ဒေါ်သောင်းအေး၊ ဦးဇော်သိန်း၊ ဦးဖုန်းသိန်း-ဒေါ်ခင်မြင့်လွင်၊ ဒေါ်ခင်ချိုသိန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၇-၉-၂၀၁၄ရက် ညသ၁း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၄ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၄ရက်(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဒေါ်မြမြဝင်း(ခ)ဒေါ်မြတ်မြတ်နွယ် (စစ်တွေ) (Dorothy)

St. Mary- **ကျောင်းသူဟောင်း** B.Sc(Phys:) (1969) **က.ပ.ရ(ငြိမ်း)**

#### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၆လမ်း၊ အမှတ် ၂၈နေ(ဦးဘမောင်-ဒေါ်အေးမြိုင်)တို့၏သမီးကြီး၊ (ဦးမောင်ကြီး-ဒေါ်ကျင်ကျင်)တို့၏သမီးချွေးမ၊ ဦးသာထွန်း [Chief Engineer (C.E)]၏ ဇနီး၊ ဒေါ်မာလာနွယ်-ဦးမောင်ဖြူ(လဝက-ငြိမ်း)တို့၏အစ်မ၊ မစုမွန်ဝင်းထွန်း-မောင်နိုင်ဇော်ထွဋ်တို့၏မိခင်သည် ၂၈-၉-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၄ရက်(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

#### ဦးထွန်းလွင်

#### အသက်(၆၈)နှစ်

Adventure Myanmar Tours & Incentives Co., Ltd. မှ Spain Guide ဦးရဲထွန်းဝင်း-ဒေါ်စိုးစန္ဒာလှိုင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းလွင် အသက်(၆၈)နှစ်သည် ၂၆-၉-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မျိုးမင်းဒင်-ဒေါ်အေးအေးမြင့်**
**Adventure Myanmar Tours & Incentives မိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

#### ဒေါ်လှရီ

#### အသက်(၈၅)နှစ်

